# မာတိကာ
## Content


**နိဒါန်း (Preamble)**

| | | |
|---|---|---|
| အခန်း | ၁ | ဖက်ဒရယ်ပြည်ထောင်စု၏ ဝိသေသလက္ခဏာများ |
| **Chapter** | **1** | **Form of the Federal Union** |
| အခန်း | ၂ | အခြေခံအခွင့်အရေးများ |
| **Chapter** | **2** | **Basic Rights** |
| အခန်း | ၃ | ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ |
| **Chapter** | **3** | **Member States of the Federal Union** |
| အခန်း | ၄ | ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်<br>(က) အမျိုးသားလွှတ်တော်<br>(ခ ) ပြည်သူ့လွှတ်တော် |
| **Chapter** | **4** | **Assembly of the Federal Union**<br>**(A) Chamber of Nationalities**<br>**(B) Chamber of People's Representative** |
| အခန်း | ၅ | ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုခြင်း |
| **Chapter** | **5** | **Federal Legislation** |
| အခန်း | ၆ | ဖက်ဒရယ်ပြည်ထောင်စုသမတ |
| **Chapter** | **6** | **Federal President** |
| အခန်း | ၇ | ဖက်ဒရယ်ပြည်ထောင်စုအစိုးရ |
| **Chapter** | **7** | **Federal Government** |
| အခန်း | ၈ | ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေး |
| **Chapter** | **8** | **Federal Judiciary** |
| အခန်း | ၉ | နိုင်ငံသားဖြစ်ခြင်း |
| **Chapter** | **9** | **Citizenship** |
| အခန်း | ၁၀ | ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့်လုံခြုံရေး |
| **Chapter** | **10** | **Federal Defense and Security Services** |
| အခန်း | ၁၁ | အရေးပေါ်အခြေအနေ |
| **Chapter** | **11** | **State of Emergency** |

| | | |
|---|---|---|
| အခန်း | ၁၂ | အထွေထွေပြဋ္ဌာန်းချက်များ |
| **Chapter** | **12** | **General Provisions** |
| အခန်း | ၁၃ | အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ |
| **Chapter** | **13** | **Transitional Provisions** |
| အခန်း | ၁၄ | ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း |
| **Chapter** | **14** | **Amendments of Constitution** |

## နိဒါန်း (Preamble)

လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှု တည်းဟူသော လောကပါလတရားကို ဦးထိပ်ထားလျက် ကျွနုပ်တို့ ဖက်ဒရယ်ပြည် ထောင်စု နိုင်ငံသားတို့သည် ငြိမ်းချမ်းသာယာဝပြော၍ ထာဝစဉ် အစွန့်ရှည်တည်တံ့ခိုင်မြဲမည့် ဖက်ဒရယ်ပြည်ထောင်စုကို စုပေါင်းညီညာ တည်ဆောက်အံ့သောငှာ ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းအပ်ပေသည်။

ဤဖက်ဒရယ်ပြည်ထောင်စု နယ်မြေအတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးပဝေသဏီကပင် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အတူတကွ ယှဉ်တွဲနေထိုင် ခဲ့ကြပေသည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့သည် သမိုင်းခေတ်အဆက်ဆက်ကို အတူတကွ ယှဉ်တွဲဖြတ်သန်းလာခဲ့သော်လည်း စုစည်းညီညွတ်မှု အားနည်းခဲ့သည့် အပေါ်တွင် ဤဖက်ဒရယ် ပြည်ထောင်စုသည် ဗြိတိသျှ ကိုလိုနီနယ်ချဲ့၏ သိမ်းပိုက် ကျွန်ပြုမှုအောက်သို့ နှစ်ပေါင်း (၁၀၀)ကြာမျှ ကျရောက်ခဲ့ရသည်။ သို့သော် ဒုတိယကမ္ဘာစစ်အပြီး တိုင်းရင်းသားပေါင်းစုံ ပြည်သူတရပ်လုံး နိုင်ငံရေး နိုးကြားလာကာ စည်းလုံးညီညွတ်မှု ပိုမိုရရှိလာကြသည့်အတွက် ကိုလိုနီနယ်ချဲ့ထံမှ လွတ်လပ်ရေးကို တပြိုင်နက် တည်း အတူတကွ ရယူနိုင်ရန် ပင်လုံညီလာခံကြီးကို ၁၉၄၇ခုနှစ်တွင် ခေါ်ယူကျင်းပခဲ့ကြသည်။

အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီ အခွင့်အရေးများကို ဦးတည်ရည်မှန်း၍ ပင်လုံစာချုပ်ကြီး တွင် ညီညာဖျဖျ လက်မှတ်ရေးထိုးခဲ့ကြပြီး လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရရှိစေကာမူ၊ သက်ဆိုင်ရာ အာဏာပိုင်များက အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြသည့်အတွက် ရာစုနှစ်ဝက်ကျော် ပြည်တွင်း စစ်မီး တောက်လောင်လာခြင်း၊ တိုင်းရင်းသားအခွင့်အရေးများ ဆုံးရှုံးခြင်း၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး ဆိတ်သုဉ်းခြင်း တို့ကြောင့် ပြည်ထောင်စုသားအားလုံးတို့ ကြုံတွေ့ခံစားခဲ့ရသည့် ရင်နင့်ဖွယ်ရာ အဖြစ်အပျက်များကို အကျွနုပ်တို့သည် မေ့လျော့ ခြင်းငှာ မပြုအပ်ပေ။

ထိုသို့သော အတိတ်ကာလ၏အမှားများကို ရှောင်လွှဲနိုင်ရန်နှင့် ကျွနုပ်တို့အားလုံး၏ အနာဂတ် ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ရန်အလို့ငှာ – တိုင်းရင်းသားလူမျိုးများအားလုံး နိုင်ငံရေးနှင့်လူမျိုးရေးအရ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရ ပြည်နယ်များဖြင့် ပြည်ထောင်စုဖွဲ့စည်းရေး၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကျား–မ တန်းတူရေးအပေါ် အာမခံရေး၊ တိုင်းရင်းသားလူမျိုးစု လူနည်းစုများ၏ အခွင့်အရေးအတွက် အာမခံရေး၊ နိုင်ငံရေးနှင့် ဘာသာရေး ရောထွေးမှု ကင်းစင်ရေးနှင့် စစ်အာဏာရှင်စနစ် ထပ်မံမပေါ်လာစေရေးအတွက် အရပ်သားအုပ်ချုပ်ရေး အောက်တွင် စစ်တပ်ကို ထားရှိရေး အစရှိသော အခြေခံမူကြီးများကို ကျောရိုးမဏ္ဍိုင်ပြု၍ ရေးဆွဲပြဋ္ဌာန်းအပ်သော ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်ဘိသကဲ့သို့ အတိတ်၏ အနိဋ္ဌာရုံများကို လုံးဝပျက်ပျယ် ကွယ်ပျောက်စေလျှက် ကမ္ဘာ့အလည်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်သည့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိမြှင့်တင်ပေးမည့် အခြေခံဥပဒေ ကြီးအဖြစ်လည်း ရောက်ရှိစေမည်ဖြစ်သည်။

ထို့ကြောင့် ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအား လွတ်လပ်၍ အချုပ်အချာအာဏာပိုင်သော ဖက်ဒ ရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အမြင့်ဆုံးဥပဒေအဖြစ် လိုက်နာကျင့်သုံးနိုင်ရန်အတွက် အခိုင်အမာ ပြဋ္ဌာန်း လိုက်သည်။

# အခန်း (၁)
# ဖက်ဒရယ်ပြည်ထောင်စု၏ ဝိသေသလက္ခဏာများ
# Form of Federal Union

**ပုဒ်မ ၁ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံ**

ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။ ယင်းကို ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံဟု ခေါ်တွင်စေရမည်။

**ပုဒ်မ ၂ ဖွဲ့စည်းခြင်း**

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိ၍ တန်းတူသော နိုင်ငံရေးအာဏာများကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အပ်နှင်း ခြင်းခံရသည့် ပြည်နယ်များဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းစေရမည်။

**ပုဒ်မ ၃ အချုပ်အချာအာဏာ**

ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာဟူသမျှတို့သည် နိုင်ငံသားတို့၏လက်ဝယ်၌ တည်ရှိသည်။

**ပုဒ်မ ၄ အချုပ်အချာအာဏာကျင့်သုံးခြင်း**

ယင်းအချုပ်အခြာအာဏာကို ပုံမှန်ကျင်းပမြဲဖြစ်သော လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေး ကောက်ပွဲများ မှတဆင့် လျှို့ဝှက်မဲပေးစနစ်ဖြင့် နိုင်ငံသားတို့က ရွေးချယ်ခန့်အပ်သည့် လွှတ်တော်ကိုယ်စားလှယ်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံယူကျင့်သုံးစေရမည်။

**ပုဒ်မ ၅ အာဏာခွဲခြားမှု**

(က) အချုပ်အခြာအာဏာ၏ ပင်မ မဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲခြားကျင့်သုံးစေရမည့်အပြင် အာဏာ တရပ်နှင့်တရပ်အကြား အပြန်အလှန် ထိန်းညှိစေရန် စီမံရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အချာအာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေရ တည်ထောင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံ အခြားတရားရုံး အဆင့်ဆင့်တို့က ကျင့်သုံးစေရမည်။

**ပုဒ်မ ၆ အာဏာခွဲဝေကျင့်သုံးခြင်း**

ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များအကြားတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော အာဏာကြီး (၃)ရပ်ကို ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ ခွဲဝေကျင့်သုံးစေရမည်။

**ပုဒ်မ ၇ ဘာသာရေးကို အခြေမခံသောနိုင်ငံ**

(က) ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့် ဘာသာရေး ရောစပ်ခြင်းမရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသော နိုင်ငံ ဖြစ်စေရမည်။

(ခ) ဘာသာရေးကို အသုံးချ၍ နိုင်ငံ့ရေးရာကိစ္စများကို ဆောင်ရွက်ခွင့် မရှိစေရ။

(ဂ) မည်သည့် ဘာသာအယူဝါဒကိုမျှ နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်း မရှိစေရ။

**ပုဒ်မ ၈ နယ်နိမိတ်**

ဖက်ဒရယ် ပြည်ထောင်စု၏ မြေထု၊ ရေထု၊ လေထုပါဝင်သော နယ်နမိတ်သည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြု ပြဌာန်းသည့်နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များအားလုံး၏ သဘောတူ ညီချက် မပါရှိဘဲ ဖက်ဒရယ်ပြည်ထောင်စု၏ နယ်နမိတ်ကို ပြင်ဆင်ခြင်း မပြုစေရ။

**ပုဒ်မ ၉ နိုင်ငံရေးစနစ်**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံရေးစနစ်သည် ပါတီစုံ ဒီမိုကရေစီစနစ် ဖြစ်သည်။
(ခ) နိုင်ငံရေးပါတီများကို ဒီမိုကရေစီ အခြေခံကျင့်စဉ်များနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းထူထောင်နိုင်သည်။
(ဂ) နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဌာန်းပေးရမည်။

**ပုဒ်မ ၁၀ အမြင့်ဆုံးဥပဒေ**

ဖက်ဒရယ်ပြည်ထောင်စုတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် အမြင့်ဆုံးဥပဒေဖြစ်သည်။

## အခန်း (၂)
## အခွင့်အရေးများ၊ ရပိုင်ခွင့်နှင့် တာဝန်များ
## Bill of Rights, Guarantees and Duties

### အခြေခံအခွင့်အရေးများ (Basic Rights)

**ပုဒ်မ ၁၁ ကိုယ်ပိုင်အခွင့်အရေးများ**

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် –
(က) အသက်ရှင် ရပ်တည်ပိုင်ခွင့် ရှိစေရမည်။
(ခ) ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ လိင်၊ အသားအရောင်၊ လူမျိုး၊ အသက်အရွယ်နှင့် လိင်စိတ်ကွဲပြားမှု များကြောင့် ခွဲခြားမှုမရှိစေရဘဲ တရားဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေး ရှိစေရမည်။
(ဂ) လွတ်လပ်စွာတွေးခေါ်ခွင့်၊ ယုံကြည်ခွင့် ရှိစေရမည်။
(ဃ) လူပုဂ္ဂိုလ်တဦးအဖြစ် တရားဝင် အသိအမှတ်ပြု ခံပိုင်ခွင့်ရှိပြီး လူ့ဂုဏ်သိက္ခာအား လေးစားစေမှုနှင့် ကာကွယ်ပေးမှု ရ ယူပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ ၁၂ အခြေခံလွတ်လပ်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စုအတွင်းနေထိုင်သူ မည်သူမဆို –
(က) ကျွန်ပြုခြင်းမခံစေရ။
(ခ) တရားဥပဒေအရ တရားစီရင် ခံရခြင်းမှလွဲ၍ အဓမ္မစေခိုင်းခံရခြင်း မရှိစေရ။
(ဂ) နှိပ်စက်ညှင်းပမ်းခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုပြုခြင်း၊ လူမဆန်သော ရက်စက်စွာပြုမှု ဆက်ဆံခြင်း မခံစေရ။

**ပုဒ်မ ၁၃ ရုပ်သိမ်းပိုင်ခွင့်မရှိသော အခွင့်အရေးများ**

အထက်ပုဒ်မ (၁၁)ပါ အခြေခံ အခွင့်အရေးများနှင့် ပုဒ်မ(၁၂)ပါ အခြေခံလွတ်လပ်ခွင့်များကို မည်သည့် အခြေအနေ အောက်တွင်မျှ ရုပ်သိမ်းပိုင်ခွင့် မရှိစေရ။

**ပုဒ်မ ၁၄ အခြေခံ ရပိုင်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စုအတွင်းနေထိုင်သူတိုင်းသည် –
ပြည်ထောင်စုလွှတ်တော်မှပြဌာန်းသော ဥပဒေပြဌာန်းချက်များနှင့်အညီ
(က) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းရယူခွင့်၊ သတင်းဖြန့်ချီခွင့် ရှိစေရမည်။

(ခ) လွတ်လပ်စွာ ဘာသာတရား ကိုးကွယ်ခွင့်၊ ဘာသာရေး ထုံးတမ်းစဉ်လာများကို ကျင့်သုံးခွင့်ရှိစေရမည်။
(ဂ) လွတ်လပ်စွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခွင့် ရှိစေရမည်။
(ဃ) နိုင်ငံရေးခိုလှုံခွင့် တောင်းခံပိုင်ခွင့် ရှိစေရမည်။
(င) ဤပုဒ်မပါ လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် ဒီမိုကရေစီကျင့်စဉ်များကို ဆန့်ကျင်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားကို ထိခိုက်ပျက်ပြားစေနိုင်ခြင်းများ ဖြစ်ပေါ်လာပါက ကန့်သတ်ဟန့်တားသည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဌာန်းနိုင်စေရမည်။

**ပုဒ်မ ၁၅ ကိုယ်ပိုင်လွတ်လပ်ခွင့် အခွင့်အရေး**
ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူ မည်သူမဆို –
(က) မိမိ၏နေအိမ်၊ မိသားစု စာပေးစာယူနှင့် ကိုယ်ပိုင်လွတ်လပ်မှုတို့ကို ဥပဒေနှင့်အညီမဟုတ်သော နှောင့်ယှက်ခြင်း၊ မိမိ၏သိက္ခာနှင့်ဂုဏ်သတင်းကို ဥပဒေနှင့်အညီ မဟုတ်သောနည်းဖြင့် ထိခိုက်ခြင်း မခံထိုက်စေရ။
(ခ) ဥပဒေနှင့်မညီသောနည်းဖြင့် လူပုဂ္ဂိုလ်ကိုရှာဖွေခံရခြင်း၊ နေအိမ်ဥပစာအတွင်း ဝင်ရောက်ရှာဖွေ ခံရခြင်းတို့နှင့် ၄င်းတို့ ပိုင်ဆိုင်သည့်ပစ္စည်း သိမ်းယူခံရခြင်းမှ လုံခြုံမှု ခံစားပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ ၁၆ ကျားမတန်းတူအခွင့်အရေး**
မိသားစု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်အသီးသီး၌ ကျားမတန်းတူအခွင့်အရေးနှင့် တာဝန်ရှိရမည်။

**ပုဒ်မ ၁၇ နိုင်ငံသားဖြစ်ခွင့် အခွင့်အရေး**
ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြဌာန်းချက်များနှင့်အညီ နိုင်ငံသားအဖြစ် လျှောက်ထားပိုင်ခွင့် ရှိသည်။

**နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ (Civil and Political Rights)**

**ပုဒ်မ ၁၈ လွတ်လပ်စွာသွားလာခွင့်**
ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် ပြည်ထောင်စုအတွင်း လွတ်လပ်စွာ သွားလာခွင့် ရှိစေရမည်။

**ပုဒ်မ ၁၉ ပြည်ပသို့ထွက်ခွာခွင့်၊ ပြန်လည်ဝင်ရောက်ခွင့်**
ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမှ ပြည်ပသို့ထွက်ခွာခွင့်၊ ပြည်ပမှ ပြည်ထောင်စုသို့ ပြန်လည်ဝင်ရောက်ခွင့် ရှိစေရမည်။

**ပုဒ်မ ၂၀ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာအခွင့်အရေး**
(က) အရွယ်ရောက်ပြီးသူတိုင်းသည် လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ လွတ်လပ်သော သဘောဆန္ဒနှင့် အညီ လက်ထပ်ပိုင်ခွင့် ရှိစေရမည်။
(ခ) လက်ထပ်ထိမ်းမြားခြင်းသည် မိမိ၏ ဘာသာတရားနှင့် လူမျိုးသဏ္ဌာန် ရွေးချယ်မှုအခွင့်အရေးကို အလိုအလျောက် ပြောင်းလဲခြင်း မဖြစ်စေရ။ မိမိ၏ လွတ်လပ်သော ဆန္ဒသဘောထားအရသာလျှင် ဖြစ်စေရမည်။

**ပုဒ်မ ၂၁ နိုင်ငံရေးအခွင့်အရေး**
အရွယ်ရောက်သူနိုင်ငံသားတိုင်းသည် –
(က) တိုက်ရိုက်သော်လည်းကောင်း လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များမှတဆင့်သော် လည်းကောင်း၊ နိုင်ငံရေးဆိုင်ရာကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။

(ခ) လွတ်လပ်သော ဆန္ဒဖေါ်ပြမှုကို အာမခံသည့် လျှို့ဝှက်၊ တိုက်ရိုက်၊ လွတ်လပ်၍ တရားမျှတမှုရှိသော ပုံမှန်အထွေထွေ ရွေးကောက်ပွဲများတွင်သော်လည်းကောင်း၊ အခါအားလျော်စွာ ကျင်းပသော ရွေးကောက်ပွဲများတွင် သော်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် ရှိစေမည်။

**ပုဒ်မ ၂၂ အဖွဲ့အစည်းများတည်ထောင်ခွင့်**

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ လွတ်လပ်စွာအသင်းအဖွဲ့များ ဖွဲ့စည်း တည်ထောင်ခွင့်၊ အလုပ်သမားသမဂ္ဂများထူထောင်ခွင့် နှင့် ပါဝင်ခွင့်ရှိစေရမည်။
(ခ) မည်သူမျှ အသင်းအဖွဲ့ တခုခုသို့ဝင်ရောက်ရန် အတင်းအကျပ် ပြုမူခြင်း မခံစေရ။

**ပုဒ်မ ၂၃ ဖမ်းဆီးချုပ်နှောင်ခံရသူ၏အခွင့်အရေး**

(က) ပြည်ထောင်စုအတွင်း နေထိုင်သူမည်သူမျှ ပြစ်မှုကျူးလွန်သည်ဟု ထင်မြင်ယူဆနိုင်ဘွယ်ရာ ခိုင်လုံသော အကြောင်း မရှိဘဲ သံသယဖြင့် ချုပ်နှောင်ခံရခြင်း၊ ထောင်သွင်းအကျဉ်းချ ခံရခြင်း မရှိစေရ။
(ခ) ဖမ်းဆီးချုပ်နှောင်ခံရသူတိုင်းအပေါ် ဆက်ဆံရာတွင် လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံမှု ခံထိုက်စေရမည်။
(ဂ) ဖမ်းဆီးချုပ်နှောင်ခံရသူ မည်သူ့ကိုမဆို ဝရမ်းအရမဟုတ်လျှင် (၂၄)နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မရှိစေရ။ (၂၄)နာရီထက်ကျော်လွန်၍ ချုပ်နှောင်ရန် လုံလောက်သောအကြောင်းရှိလျှင် အာဏာရှိသည့် သက်ဆိုင် ရာ တရားရုံးသို့ အစီရင်ခံတင်ပြပြီး တရားသူကြီးတစ်ဦးဦး၏ ချုပ်မိန့်ဖြင့်သာ တည်ဆဲ တရားဥပဒေများနှင့်အညီ ဆက်လက် ချုပ်နှောင်ပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ ၂၄ ပြစ်မှုဆိုင်ရာစွဲဆိုခြင်း**

(က) မည်သူမဆို ပြစ်မှုတခုခုနှင့် တရားစွဲဆိုခြင်းခံရပါက –
၁။ အဆိုပါပြစ်မှုနှင့် စွဲဆိုထားကြောင်းကို နှောင့်နှေးခြင်းမရှိ ကြားသိစေရမည်။
၂။ အမြန်ဆုံး အချိန်ကာလအတွင်း စစ်ဆေးကြားနာရမည်။
၃။ တရားစွဲဆိုခြင်းခံရသူ၏ ဆန္ဒနှင့်ဆန့်ကျင်၍ သက်သေထွက်ဆိုရန် အတင်းအကြပ်ပြုခြင်း မခံစေရ။
၄။ ဥပဒေနှင့်အညီ ခုခံချေပခွင့် အပြည့်အဝ ရှိစေရမည်။
၅။ တရားစွဲဆိုခြင်း ခံရသူ၏ကိုယ်စား ဥပဒေအကျိုးဆောင် ငှားရမ်းထုချေပိုင်ခွင့် ရှိစေရမည်။
၆။ တရားစွဲဆိုခြင်းခံရသူ နားလည်နိုင်သော ဘာသာစကားဖြင့် စစ်ဆေးကြားနာမှုကို ခံယူပိုင်ခွင့် ရှိစေရ မည်။ ယင်းသို့ ဆောင်ရွက်ရန် အခက်အခဲရှိပါက စကားပြန်၏ အကူအညီကို ရယူပိုင်ခွင့် ရှိစေရမည်။
(ခ) ကြားနာသော တရားခွင်အားလုံးသည် အများပြည်သူ တက်ရောက်နိုင်သော တရားစီရင်ရေး ဖြစ်ရမည်။

**ပုဒ်မ ၂၅ တရားစီရင်ခြင်း နှင့် ပြစ်ဒဏ်**

(က) ပြစ်မှုဖြစ်ပွားစဉ် အချိန်ကာလ၌ အတည်ဖြစ်နေသော တရားဥပဒေအရသာ စီရင်ရမည်။
(ခ) လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်များ မချမှတ်ရ။
(ဂ) တရားသေလွှတ်ခြင်း ခံရပြီးသူ မည်သူ တဦးတယောက်ကိုမျှ အဆိုပါပြစ်မှုအတွက် ထပ်မံစစ်ဆေး စီရင်ခြင်း မပြုရ။
(ဃ) မည်သူမဆို ပြစ်မှုတစ်ခုအတွက် တစ်ကြိမ်ထက်ပို၍ ပြစ်ဒဏ်ချမှတ်ခြင်း မခံစေရ။

**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များ (Economic, Social and Cultural Rights and Duties)**

**ပုဒ်မ ၂၆ ပစ္စည်းပိုင်ဆိုင်ခွင့်**

(က) နိုင်ငံသားတိုင်းသည် တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာများ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့် ရှိရမည်။
(ခ) နိုင်ငံသားတိုင်း၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို အများပြည်သူ အကျိုးအတွက်သာလျှင် ဥပဒေနှင့်အညီ ရုပ်သိမ်းမှု ပြုလုပ်နိုင်စေရမည်။ ရုပ်သိမ်းခံရသူ၏အကျိုးနှင့် အများပြည်သူတို့၏အကျိုးကို တရားမျှတစွာချိန်ဆ၍ သင့်တော်သော လျော်ကြေးပေးပြီးမှသာ သိမ်းယူခွင့် ရှိစေရမည်။

**ပုဒ်မ ၂၇ အလုပ်လုပ်ပိုင်ခွင့်**

နိုင်ငံသားတိုင်းသည် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ လိင်၊ အသားအရောင်၊ လူမျိုး၊ အသက်အရွယ် ခွဲခြားခြင်း မရှိစေရဘဲ အလုပ်ရွေးချယ်ပိုင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး ရှိစေရမည်။

**ပုဒ်မ ၂၈ စီးပွားရှာဖွေခွင့်**

(က) နိုင်ငံသားတိုင်းသည် မိမိ၏ အသက်မွေးဝမ်းကြောင်းအတွက် လွတ်လပ်စွာ စီးပွားရှာဖွေခွင့်နှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများကို လွတ်လပ်စွာ တည်ထောင်ပိုင်ခွင့်ရှိသည်။
(ခ) အထက်အပိုဒ်(က)ပါ အခွင့်အရေးကို ကျင့်သုံးရာတွင် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးဆိုင်ရာ မူဝါဒများ၊ စီမံ ကိန်းများ၊ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ကျန်းမာရေးတို့ကို ထိခိုက်မှု မရှိစေရ။

**ပုဒ်မ ၂၉ တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာ မူပိုင်ခွင့်**

နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာ မူပိုင်ခွင့်တို့ကို ဥပဒေနှင့်အညီ ခံစားပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ ၃၀ မိရိုးဖလာအမွေအနှစ် ပိုင်ဆိုင်ခွင့်**

မိရိုးဖလာ သဘာဝအမွေအနှစ်များ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်း အစဉ်အလာအရ သီးသန့် ပိုင်ဆိုင်လာခဲ့သော နည်းပညာဆိုင်ရာ အမွေအနှစ်များကို သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းမှ အစဉ်အဆက် ထိမ်းသိမ်းပိုင် ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် လက်ဆင့်ကမ်းပိုင်ဆိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ ၃၁ အခြေချနေထိုင်ခွင့်**

နိုင်ငံသားတိုင်းသည် မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ် တရပ်ရပ်သို့ အခြေချနေထိုင်ခြင်း၊ စီးပွားရှာဖွေခြင်းတို့သည် သက်ဆိုင်ရာပြည်နယ်၏ တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီသာလျှင် ဖြစ်စေရမည်။

**ပုဒ်မ ၃၂ ပညာသင်ကြားပိုင်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် –
(က) လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့်ရှိသည်။
(ခ) မိမိနှစ်သက်ဝါသနာပါရာ အတတ်ပညာ၊ အသက်မွေးဝမ်းကြောင်းပညာ၊ အဆင့်မြင့်ပညာများကို လွတ်လပ်စွာ ရွေး ချယ်ပိုင်ခွင့် ရှိစေရမည်။
(ဂ) အခြေခံပညာရေးကို မသင်မနေရအဖြစ် အခမဲ့ သင်ကြားခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ရမည်။

**ပုဒ်မ ၃၃ ပညာသင်ကျောင်းများ တည်ထောင်ခွင့်**

ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သိပ္ပံနှင့်အသက်မွေးဝမ်းကြောင်းဆိုင်ရာ အဆင့်မြင့်ပညာသင်ကျောင်းများကို သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တည်ထောင်ပိုင်ခွင့်ကို အာမခံရမည်။

**ပုဒ်မ ၃၄ ကျန်းမာရေးဆိုင်ရာအခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် အခြေခံကျန်းမာရေးအဆင့်တွင် ကာကွယ်စောင့်ရှောက်မှုနှင့် ကုသမှုကို အခမဲ့ ရယူခံစားပိုင်ခွင့် ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားများ၏ ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု၊ အသက်နှင့် ထိခိုက်ဒဏ်ရာရမှုအတွက် အာမခံထားရှိမှုနှင့် လူမှုဖူလုံရေးအတွက် စီမံထားရှိမှုတို့ကို ဖက်ဒရယ်အစိုးရက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသား အမျိုးသမီးတဦးသည် မိမိ၏ကျန်းမာရေးကို ထိခိုက်နိုင်သော (သို့တည်း မဟုတ်) ထိခိုက်နိုင်သည်ဟု ယုံကြည်လောက်သော အကြောင်းရှိလျှင် မျိုးပွါးခြင်းဆိုင်ရာ ကိစ္စရပ်များ၌ ဆုံးဖြတ်ရာတွင် အဓိက တာဝန်ရှိသူ ဖြစ်စေရမည်။

**ပုဒ်မ ၃၅ ယဉ်ကျေးမှုအခွင့်အရေးများ**

နိုင်ငံသားတိုင်းသည် မိမိတို့၏ တိုင်းရင်းသားယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အစဉ်အလာများကို တိုးတက်ပြန့်ပွားအောင် လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ ၃၆ တိုင်းရင်းသားဘာသာစကား**

နိုင်ငံသားတိုင်းသည် မိမိတို့လူမျိုး၏ ဘာသာစကားနှင့် စာပေတို့ကို လွတ်လပ်စွာသင်ကြားပိုင်ခွင့် ရှိစေရမည်။ တိုးတက် ပြန့်ပွားအောင် ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

## အထူးစီမံဆောင်ရွက်မှု အခွင့်အရေးနှင့် အထွေထွေ အခြေခံမူများ (**Affirmative Action Rights and General Principles)**

**ပုဒ်မ ၃၇ အမျိုးသမီးအခွင့်အရေး**

ကျား–မ တန်းတူအခွင့်အရေးကို ဖေါ်ဆောင်နိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု၏ အဆင့်ဆင့်သော ဥပဒေပြုရေး ကဏ္ဍတွင် အနည်းဆုံး အမျိုးသမီး ၃၀ ရာခိုင်နှုန်း ပါဝင်စေရမည်။

**ပုဒ်မ ၃၈ ကလေးများအခွင့်အရေး**

(က) ကလေးငယ်တိုင်းသည် အရွယ်မရောက်သေးသူအဖြစ် ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစားပိုင်ခွင့်ရှိသည်။ ကလေးငယ်တိုင်းသည် အမျိုးသားထုတစ်ရပ်လုံး၏ ဖေးမကူညီမှုကို ခံစားပိုင်ခွင့် ရှိစေရမည်။

(ခ) ကလေးများအား မိဘ သို့မဟုတ် အုပ်ထိမ်းသူတို့၏ ဆန္ဒမပါပဲ ၄င်းတို့၏မိသားစုထံမှ ကွဲကွာအောင်မပြုလုပ်ရ။ ကလေးတို့ကို ပြုစုစောင့်ရှောက်ခြင်းနှင့် သွန်သင်ပြုပြင်ခြင်းတို့သည် မိဘတို့၏ သဘာဝ အခွင့်အရေးဖြစ်သည်။ အကယ်၍ မိဘ သို့မဟုတ် အုပ်ထိမ်းသူတို့က ဝတ္တရားပျက်ကွက်လျှင်သော်လည်းကောင်း၊ တနည်းနည်းကြောင့် ကလေးများ ခိုကိုးရာမဲ့ဘဝသို့ ရောက်ရှိမည့် အခြေအနေမျိုးတွင်သော်လည်းကောင်း၊ ကလေးများအား မိသားစုနှင့် ကွဲကွာစေခြင်းကို ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(ဂ) ကလေးများကို စီးပွားရေးနှင့် လူမှုရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှု ပြုရမည်။ ၄င်းတို့၏ ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ အသက်အန္တရယ်၊ ကိုယ်ခန္ဓာ ကြီးထွားဖွံ့ဖြိုးမှု၊ တစ်ခုခုကို ထိခိုက်စေသော အလုပ်လုပ်ကိုင်စေခြင်း များမှ ကာကွယ်စောင့်ရှောက်ရမည်။

(ဃ) ကလေးများ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဌာန်းပေး ရမည်။

**ပုဒ်မ ၃၉ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့် ကြုံတွေ့ ခံစားရမည့် အတိဒုက္ခများမှ ကင်းလွတ်ခွင့် ရရှိစေရမည့်အပြင် ကျန်းမာရေးနှင့်ညီညွတ်ပြီး သဘာဝတရားနှင့် ညီမျှသည့် သဘာဝပတ် ဝန်းကျင်ကို ရရှိရန် အခွင့်အရေးရှိသည်။
(ခ) ဖက်ဒရယ်ပြည်ထောင်စု အစိုးရသည် ဌာနေတိုင်းရင်းသားနှင့် လူနည်းစု တိုင်းရင်းသားတို့၏ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုကို အသိအမှတ် ပြုရမည့်အပြင် ၎င်းတို့ အခြေချနေထိုင်ရာ ဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေနိုင်သည့် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းအပေါ် ကန့်သတ်ထိန်းချုပ်ခွင့်ကို အသိအမှတ်ပြုရမည်။

**ပုဒ်မ ၄၀ လူ့အခွင့်အရေးကော်မရှင်**

လူ့အခွင့်အရေး ဖေါက်ဖျက်ခံရသူ မည်သူမဆို လူ့အခွင့်အရေးကော်မရှင်၏ ကာကွယ်စောင့်ရှောက်မှုကို ရယူခွင့် ရှိစေရမည်။

**ပုဒ်မ ၄၁ အခြေခံဥပဒေ၏ အကာအကွယ်ရယူခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကာအကွယ်ကို ရယူရန် လိုအပ်သောအခါ၌ ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထား ပိုင်ခွင့် ရှိစေရမည်။
(ခ) ဤအခွင့်အရေးကို မည်သည့်အခြေအနေတွင်မှ ရပ်ဆိုင်းထားခြင်း မရှိစေရ။

**ပုဒ်မ ၄၂ ဖက်ဒရယ်ပြည်ထောင်စု၏ အကာအကွယ်ရယူခြင်း**

နိုင်ငံသားတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စု အတွင်း၌ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စု ပြင်ပ၌ဖြစ်စေ ဖက်ဒရယ်ပြည် ထောင်စု၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းဆိုပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ ၄၃ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ**

ဖက်ဒရယ်ပြည်ထောင်စုက အတည်ပြုသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းများကို တရားရုံးများက တိုက်ရိုက်ကိုးကား ကျင့်သုံးပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ ၄၄ တာဝန်များ**

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည်
(က) ဖက်ဒရယ်ပြည်ထောင်စုကို ကာကွယ်ရန် တာဝန်ရှိသည်။
(ခ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။
(ဂ)

## အခန်း (၃)
## ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ
## Member States of the Federal Union

**ပုဒ်မ ၄၅ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ အဖွဲ့ဝင်ပြည်နယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့် အရေး အပြည့်အဝ ရှိစေရမည်။

(အဖွဲ့ဝင်ပြည်နယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးဖြစ်သော အချုပ်အခြာအာဏာသုံးရပ်ကို အပြည့်အဝ ရရှိစေရမည်။)

(ခ) ဖက်ဒရယ်ပြည်ထောင်စုကို အမျိုးသားပြည်နယ်များ၊ အမျိုးသားများပြည်နယ်များဖြင့် ဖွဲ့စည်းစေရမည်။

(ပြည်နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာအပြည့်အဝရှိသော ဒေသကြီးများဖြင့် ဖွဲ့စည်းရမည်။)

**ပုဒ်မ ၄၆ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်ဇယား**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များမှာ–

(၁) ကချင်ပြည်
(၂) ကရင်ပြည်
(၃) ကရင်နီပြည်
(၄) ချင်းပြည်
(၅) မွန်ပြည်
(၆) ဗမာပြည်
(၇) ရခိုင်ပြည်
(၈) ရှမ်းပြည်
(၉) ------
(၁၀) -----

(ခ) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားများပြည်နယ်များ

(၁) တနင်္သာရီပြည်
(၂) ဧရာဝတီပြည်
(၃) ------------

**ပုဒ်မ ၄၇ ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ၏ အခြေခံဥပဒေ**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခွင့် ရှိစေရမည်။

**ပုဒ်မ ၄၈ ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ၏ အခွင့်အာဏာ**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ ၄၉ ကျန်ရှိနေသောအာဏာများကျင့်သုံးခွင့်**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသို့ အပ်နှင်းထားသည့် အာဏာများနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိတ်ပင်တားမြစ်ထားသော အာဏာများမှအပ ကျန်ရှိသော အာဏာများကို ကျင့်သုံးပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ ၅၀ တိုင်းရင်းသားလူနည်းစုအခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(ခ) လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ အမျိုးသားနယ်မြေများနှင့် အထူးဒေသများကို လိုအပ်လျှင်လိုအပ်သလို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို သတ်မှတ်ပေးရန်အတွက် သက်ဆိုင်ရာပြည်နယ်တွင်း နေထိုင်သူ ပြည်နယ်သားဦးရေ ငါးသောင်းက လက်မှတ်ရေးထိုး၍ တောင်းဆိုလာလျှင်ဖြစ်စေ၊ အမျိုးသားနယ်မြေများနှင့် ပြည်ထောင်စုအထူးဒေသများ သတ်မှတ်ပေးရန်အတွက် သက်ဆိုင်ရာနယ်မြေအတွင်း နေထိုင်သူ နိုင်ငံသား ငါးထောင်က လက်မှတ်ရေးထိုး၍ တောင်းဆိုလာလျှင်ဖြစ်စေ၊ သက်ဆိုင်ရာပြည်နယ်လွှတ်တော်က အများစု ဆန္ဒမဲဖြင့် အဆုံးဖြတ်ပြုရမည်။

## ပုဒ်မ ၅၁ ပြည်နယ်တပ်ဖွဲ့များ

(က) ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များသည် သက်ဆိုင်ရာ ပြည်နယ်လူဦးရေ၏ (၀.၁)ရာခိုင်နှုန်း အင်အားထက်မပိုသော ပြည်နယ် ရဲတပ်ဖွဲ့ကို ဖွဲ့စည်းခွင့် ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များသည် သက်ဆိုင်ရာ ပြည်နယ်လူဦးရေ၏ (၀.၁)ရာခိုင်နှုန်း အင်အားထက်မပိုသော ပြည်နယ်လုံခြုံရေးတပ်ဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

## ပုဒ်မ ၅၂ ပြည်နယ်သစ်များဖွဲ့စည်းပိုင်ခွင့်

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်သစ်များကို တည်ရှိပြီးသော ပြည်နယ်တခုအတွင်းရှိ တဆက်တစပ်တည်းရှိသောဒေသများကို အခြေခံ၍သော်လည်းကောင်း၊ ပြည်နယ်နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော ပြည်နယ်များအတွင်းရှိ တဆက်တစပ်တည်းရှိသော ဒေသများကို ပေါင်းစပ်၍သော်လည်းကောင်း ဖွဲ့စည်းနိုင်သည်။

## ပုဒ်မ ၅၃ ပြည်နယ်သစ်များဖွဲ့စည်းရေး

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်သစ်များကို ဖွဲ့စည်းသောအခါ အောက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရ မည်။

(က) မိမိတို့၏ ကိုယ်ပိုင်ထင်ရှားချက်ဖြစ်သော ပထဝီဒေသနှင့် သမိုင်းကြောင်းအရ ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင် သီးခြားပြည်နယ်တခုအဖြစ် နေထိုင်လိုသောဆန္ဒရှိကြောင်း၊ ပြည်နယ်သစ် ဖွဲ့စည်းလိုသော ဒေသအတွင်းရှိ ပြည်သူလူထု၏ ၃၀ ရာခိုင်နှုန်းထောက်ခံမှုဖြင့် သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် (သို့မဟုတ်) ပြည်နယ်များ၏ လွှတ်တော်များထံသို့ ပြည်နယ်သစ် ဖွဲ့စည်းရေးအဆိုကို တင်သွင်းရမည်။

(ခ) ထိုပြည်နယ်သစ် ဖွဲ့စည်းရေးအဆိုကို သက်ဆိုင်ရာပြည်နယ်လွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်များ၏ ထက်ဝက်ကျော် ထောက်ခံမှုဖြင့် အမျိုးသားလွှတ်တော်သို့ ပြည်နယ်သစ် ဖွဲ့စည်းရေးအဆိုကို တင်သွင်းရမည်။ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်များ၏ ပူးတွဲကြီးကြပ်မှုဖြင့် ပြည်နယ်သစ်ဖွဲ့စည်းရေး စုံစမ်းရေးကော်မရှင်တရပ်ကို ဖွဲ့စည်းစေရမည်။

(ဂ) ပြည်နယ်သစ်ဖွဲ့စည်းရေး စုံစမ်းရေးကော်မရှင်၏ တင်ပြချက်နှင့်အညီ ပြည်နယ်သစ်ဖွဲ့စည်းရန် အဆိုပြုထားသော ဒေသအတွင်းရှိ ပြည်သူလူထု၏ ပြည်သူ့ဆန္ဒခံယူပွဲကို ကျင်းပပေးရမည်။

(ဃ) ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်နယ်သစ်ဖွဲ့စည်းလိုသော ဒေသအတွင်းရှိ ပြည်သူလူထု၏ ၆၀ ရာခိုင်နှုန်းကျော်သော ထောက်ခံဆန္ဒမဲ ရရှိပါက အမျိုးသားလွှတ်တော်မှတဆင့် ပြည်နယ်သစ်ဖွဲ့စည်းရေး ဥပဒေကြမ်းကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရမည်။ သက်ဆိုင်ရာပြည်နယ် (သို့မ ဟုတ်) ပြည်နယ်များက ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပြည်နယ် ဥပဒေပြုလွှတ်တော် အသီးသီးသို့ ဆက်လက်ပေးပို့ရမည်။

(င) ထိုဥပဒေကြမ်းကို လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန် နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။ နိုင်ငံတော်သမ္မတက (၇)ရက်အတွင်း လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်း မရှိစေကာမူ လက်မှတ်ရေးထိုးရန် တင်ပြသည့် ဥပဒေကြမ်းကို ဥပဒေအဖြစ် လက်မှတ်ရေးထိုး ထုတ်ပြန်သည်ဟု မှတ်ယူစေရမည်။

**ပုဒ်မ ၅၄ ပြည်နယ်သစ်များဆိုင်ရာ ဥပဒေပြုခြင်း**

အထက်ပုဒ်မ (၅၂)(၅၃)တို့နှင့်ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်မှ ဥပဒေ ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ ၅၅ ပြည်နယ်များ ကျင့်သုံးပိုင်ခွင့်မရှိသော အာဏာများ**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် နိုင်ငံခြားတိုင်းတပါးနှင့် စစ်ရေးမဟာမိတ်ပြုခြင်း၊ စစ်ဖက်ဆိုင်ရာ စာချုပ်ချုပ်ဆိုခြင်း မိမိပြည်နယ်အတွင်း သီးခြားသုံးစွဲရန် ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ခြင်း အာဏာတို့ကို ကျင့်သုံးပိုင်ခွင့် မရှိစေရ။

## အခန်း(၄)
## ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်
## (က) အမျိုးသားလွှတ်တော်
## (ခ) ပြည်သူ့လွှတ်တော်
## Chapter - 4
## Assembly of Federal Union
## (A) Chamber of Nationalities
## (B) Chamber of People's Representatives

**ပုဒ်မ ၅၆ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းမှု**

ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်ကို အမျိုးသားလွှတ်တော် (Chamber of Nationalities) နှင့် ပြည်သူ့လွှတ် တော် (Chamber of People's Representatives) တို့ဖြင့် ဖွဲ့စည်းသည်။

**ပုဒ်မ ၅၇ ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်၏အာဏာ**

ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုအာဏာအားလုံးသည် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်တွင် တည်ရှိသည်။

**ပုဒ်မ ၅၈ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး**

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။
(ခ) ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို ခေါ်ယူကျင်းပရန် အနည်းဆုံးရက်ပေါင်း (၆၀) ကြိုတင်၍ ကြေညာရမည်။
(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ဖက်ဒရယ်ပြည်ထောင်စု သမတက ခေါ်ယူပေးရမည်။
(ဃ) ဖက်ဒရယ်ပြည်ထောင်စု သမတသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတိုင်းတွင် ဖက်ဒရယ် ပြည်ထောင်စု တဝှမ်းလုံးဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ မိန့်ခွန်း မြွက်ကြားရမည်။

**ပုဒ်မ ၅၉ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး သို့တည်းမဟုတ် အရေးပေါ် အစည်းအဝေး**

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ် အစည်းအဝေးများ ကို အောက်ပါကိစ္စရပ်များအလို့ငှာ ခေါ်ယူခွင့် ရှိစေရမည်။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို အတည်ပြုခြင်း။

၂။ နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာချက်အား အတည်ပြုခြင်း၊ သို့တည်းမဟုတ်၊ ပယ်ဖျက်ခြင်း။

၃။ ပြည်ပနိုင်ငံတခုအပေါ် စစ်ကြေညာခြင်း၊ စစ်ရပ်စဲခြင်းတို့ကို အတည်ပြုခြင်း၊ သို့တည်းမဟုတ်၊ ပယ်ဖျက်ခြင်း။

၄။ ဖက်ဒရယ်ပြည်ထောင်စုသမတကို အတည်ပြုခန့်အပ်ခြင်း၊ ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ကျမ်းသစ္စာကျိန်ဆိုခြင်း။

(ခ) အမျိုးသားလွှတ်တော် (သို့မဟုတ်) ပြည်သူ့လွှတ်တော်တရပ်ရပ်၏ အများစုဆန္ဒမဲဖြင့် တောင်းဆိုလျှင်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်က တောင်းဆိုလျှင်ဖြစ်စေ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ်အစည်းအဝေးများကို သမတက ဆင့်ခေါ်ပေးရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အထူးအစည်းအဝေး သို့တည်းမဟုတ် အရေးပေါ်အစည်းအဝေးကို အနည်းဆုံး (၇)ရက် ကြိုတင်၍ ကြေညာရမည်။

**ပုဒ်မ ၆၀ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများအထမြောက်ခြင်း**

အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ် ထက်ဝက်ကျော်နှင့် ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ် ထက်ဝက်ကျော် တက်ရောက်မှသာလျှင် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်အစည်းအဝေး အထမြောက်စေရမည်။

**ပုဒ်မ ၆၁ ဆန္ဒမဲရယူခြင်း**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ၌ ဆုံးဖြတ်ချက်ရယူရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ တက်ရောက်လာကြသော လွှတ်တော်တရပ်ခြင်းစီမှ ကိုယ်စားလှယ်များ၏ အများစုဆန္ဒမဲ ရရှိစေရမည်။

**ပုဒ်မ ၆၂ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ သဘာပတိ**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အစည်းအဝေးများတွင် အမျိုးသားလွှတ်တော်ဥက္ကဌ၊ သို့တည်းမဟုတ်၊ ပြည်သူ့လွှတ်တော်ဥက္ကဌ တစ်ဦးဦးသည် အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ လွှတ်တော်ဥက္ကဌ တစ်ဦးဦးဆိုသည့် စကားရပ်တွင် ဒုတိယဥက္ကဌလည်း အကြုံးဝင်သည်။

**ပုဒ်မ ၆၃ လွှတ်တော်နှစ်ရပ်စလုံးတွင် တပြိုင်နက်တည်း ကိုယ်စားလှယ်ဖြစ်ခွင့်မရှိခြင်း**

လွှတ်တော်ကိုယ်စားလှယ်တဦးသည် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်စလုံးတွင် တပြိုင်နက်တည်း ကိုယ်စားလှယ်မဖြစ်စေရ။

**ပုဒ်မ ၆၄ ကင်းလွတ်ခွင့် အခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အစည်းအဝေးတရပ်ရပ်တွင် မဲပေးခြင်း၊ ပြောဆိုဆွေးနွေးခြင်း၊ ရေးသားဖြန့်ဝေခြင်း စသည်တို့နှင့်စပ်လျဉ်း၍ မည်သည့် လွှတ်တော်ကိုယ်စားလှယ်ကိုမျှ စစ်ဆေးမေးမြန်းခြင်း၊ အရေးယူခြင်း၊ တရားစွဲဆိုခြင်း မပြုရ။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်အတောအတွင်း မည်သည့် လွှတ်တော်ကိုယ်စားလှယ်ကိုမျှ ပြစ်မှုကျူးလွန်နေစဉ်တွင် ဖမ်းဆီးအရေးယူခြင်းမှလွဲ၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်မရှိပဲ ပြစ်မှုတစုံတရာအတွက် ဖမ်းဆီးခြင်း၊ အရေးယူအပြစ်ပေးခြင်း မရှိစေရ။

**ပုဒ်မ ၆၅ ထောက်ပံ့ကြေး**

ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များသည် သင့်တင့်လျှောက်ပတ်သည့် ငွေကြေးနှင့်ခံစားခွင့်ကို ဖက်ဒ ရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးသည့်အတိုင်း ခံစားပိုင်ခွင့် ရှိစေရမည်။

ထောက်ပံ့ကြေး တိုးမြှင့်ကြောင်း ဆုံးဖြတ်ချက်သည် နောင်လာမည့် လွှတ်တော်သက်တမ်း အသစ်၌သာ စတင်၍ အကျိုးသက်ရောက် စေရ မည်။

**ပုဒ်မ ၆၆ နိုင်ငံတကာသဘောတူညီချက်များ၊ စာချုပ်များ**

ဖက်ဒရယ်ပြည်ထောင်စုအစိုးရက လက်မှတ်ရေးထိုးခဲ့ပြီးသော နိုင်ငံတကာ သဘောတူညီချက်များ၊ စာချုပ်များကို ဖက်ဒ ရယ်ပြည်ထောင်စု လွှတ်တော်က အတည်ပြုခြင်း (သို့တည်းမဟုတ်) ပယ်ချခြင်း ပြုလုပ်ရမည်။

**ပုဒ်မ ၆၇ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း လုပ်ထုံး လုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

## အမျိုးသားလွှတ်တော်
## Chamber of Nationalities

**ပုဒ်မ ၆၈ အမျိုးသားလွှတ်တော်ကို ဖွဲ့စည်းခြင်း**

(က) အမျိုးသားလွှတ်တော်ကို ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက အရေအတွက် တူညီစွာ စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) အမျိုးသားလွှတ်တော်သို့ ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်အသီးသီးက ကိုယ်စားလှယ် (၆)ဦးကျစီ စေလွှတ်ရမည်။

**ပုဒ်မ ၆၉ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခြင်း**

(က) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒပေးပိုင်ခွင့်ရှိသော ပြည်သူလူထုက လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများတွင် တိုက်ရိုက် လျှို့ဝှက်မဲပေးခြင်းအားဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ခ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် နိုင်ငံသားတိုင်းသည်

(၁) ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်တွင် အနည်းဆုံးအသက် (၂၅)နှစ်ပြည့်ပြီး ဖြစ်ရမည်။

(၂) နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရခြင်း အနည်းဆုံး (၁၀)နှစ် ရှိရမည်။

(၃) ကိုယ်စားပြုရွေးချယ်ခံမည့် ပြည်နယ်တွင် အခြေချနေထိုင်သူ ဖြစ်ရမည်။

(၄) နိုင်ငံနှစ်ခု (သို့မဟုတ်) နိုင်ငံနှစ်ခုထက်ပိုသော နိုင်ငံသား မဖြစ်စေရ။

(ဂ) ပြည်နယ်အသီးသီးသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရန်အတွက်နေရာနှင့် ကျင်းပရန် နည်းလမ်းများကို သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြုလွှတ်တော်၌ ဥပဒေပြု ပြဋ္ဌာန်းရမည်။

**ပုဒ်မ ၇၀ အမျိုးသားလွှတ်တော်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ**

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထဲမှ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့သည် ပြည်နယ်တခုတည်းမှ ကိုယ်စားလှယ်များ မဖြစ်စေရ။

**ပုဒ်မ ၇၁ ကိုယ်စားလှယ်များ၏သက်တမ်း**

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏သက်တမ်းကို (၄)နှစ် သတ်မှတ်သည်။ ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကို (၂)နှစ်တကြိမ် ရွေးချယ်တင်မြှောက်၍ လဲလှယ်သွားရမည်။

**ပုဒ်မ ၇၂ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး**

(က) ရွေးကောက်ပွဲကျင်းပပြီးနောက် ရက်ပေါင်း(၆၀)အတွင်း ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကို ဖက် ဒရယ်ပြည်ထောင်စု သမတက ခေါ်ယူကျင်းပပေးရမည်။

(ခ) အမျိုးသားလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။

(ဂ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူပေးရမည်။

(ဃ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ကျင်းပရန်အတွက် အနည်းဆုံး ရက်ပေါင်း(၃၀) ကြိုတင်၍ ကြေညာရမည်။

**ပုဒ်မ ၇၃ အမျိုးသားလွှတ်တော် အထူးအစည်းအဝေး သို့တည်းမဟုတ် အရေးပေါ်အစည်းအဝေး**

(က) အနည်းဆုံး ပြည်နယ်နှစ်ခုမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးကသော်လည်းကောင်း အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ် လေးပုံတစ်ပုံကသော်လည်းကောင်း တောင်းဆိုလာပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အထူးအစည်းအဝေး သို့တည်းမဟုတ် အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပပေးရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်မှ တင်ပြတောင်းဆိုလာလျှင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အမျိုးသားလွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရန် အတွက် အနည်းဆုံး (၁၅)ရက် ကြိုတင် အကြောင်းကြားရမည်။

**ပုဒ်မ ၇၄ အစည်းအဝေးအထမြောက်ခြင်းနှင့် မဲပေးခြင်း။**

(က) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်လျှင် အမျိုးသားလွှတ်တော် အစည်းအ ဝေးကို ကျင်းပနိုင်သည်။

(ခ) သို့ရာတွင် မဲခွဲဆုံးဖြတ်ရန်အတွက်ဖြစ်ပါက အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ်ဦးရေ သုံးပုံနှစ်ပုံ တက်ရောက်မှသာ အစည်းအဝေး အထမြောက်စေရမည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံ တက်ရောက်သော အစည်းအဝေးတွင် အများစု ဆန္ဒမဲကိုရယူ၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။

**ပုဒ်မ ၇၅ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အခွင့်အာဏာ**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော် အစည်းအဝေးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စည်းကမ်းလိုက်နာမှုကို ထိန်းသိမ်းကြီးကြပ်ခွင့် အာဏာရှိစေရမည်။ အမျိုးသားလွှတ်တော်၏ ဥပစာအတွင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရှိပဲ မည်သူမျှ ဝင်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း ပြုပိုင်ခွင့် မရှိစေရ။

**ပုဒ်မ ၇၆ အမျိုးသားလွှတ်တော်၏ ကော်မတီများ ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်တွင် နိုင်ငံခြားရေးရာကော်မတီ၊ ကာကွယ်ရေးဆိုင်ရာ ရေးရာကော်မတီ၊ ဘဏ္ဍာရေးရာ ကော်မတီနှင့် ကူးသန်းရောင်းဝယ်ရေးရာ ကော်မတီများအပါအဝင် ရေးရာကော်မတီများကို အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းထားရှိရမည်။

**ပုဒ်မ ၇၇ အမျိုးသားလွှတ်တော်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ**

အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို သတ်မှတ် ပြဋ္ဌာန်း ရမည်။

# ပြည်သူ့လွှတ်တော်
# Chamber of People's Representatives

**ပုဒ်မ ၇၈ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်ကို လူဦးရေအပေါ်တွင် အခြေခံသော ရွေးကောက်ပွဲများတွင် နိုင်ငံသားများက ရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

**ပုဒ်မ ၇၉ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခြင်း**

(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို မဲဆန္ဒပေးပိုင်ခွင့်ရှိသော ပြည်သူလူထုက လွတ်လပ်၍ တရားမျှတသည့် အထွေထွေ ရွေးကောက်ပွဲများတွင် တိုက်ရိုက် လျှို့ဝှက်မဲပေးခြင်းအားဖြင့် ရွေးချယ် တင်မြှောက်ရမည်။

(ခ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အရေအတွက်နှင့် မဲဆန္ဒနယ်မြေများသည် ပြည်ထောင်စုလွှတ်တော်မှ ဥပ ဒေပြု သတ်မှတ်ပြဋ္ဌာန်းပေးသည့်အတိုင်း ဖြစ်စေရမည်။

**ပုဒ်မ ၈၀ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည့် နိုင်ငံသားတိုင်းသည် –

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် (၂၅)နှစ်ပြည့်ပြီးသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသား ဖြစ်ရမည်။

(ခ) ဥပဒေအရ နိုင်ငံသားဖြစ်လာသူဖြစ်လျှင် နိုင်ငံသားဖြစ်ပြီးနောက် ဖက်ဒရယ် ပြည်ထောင်စုအတွင်း အနည်းဆုံး(၇)နှစ် ဆက်တိုက် နေထိုင်ခဲ့သူ ဖြစ်ရမည်။

(ဂ) နိုင်ငံနှစ်ခု (သို့မဟုတ်) နိုင်ငံနှစ်ခုထက်ပိုသော နိုင်ငံသား မဖြစ်စေရ။

**ပုဒ်မ ၈၁ ပြည်သူ့လွှတ်တော်ဥက္ကဌ နှင့် ဒုတိယဥက္ကဌ**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဌနှင့် ဒုတိယဥက္ကဌတို့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

**ပုဒ်မ ၈၂ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သက်တမ်း**

(က) ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းသည် (၄)နှစ် ဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး ကျင်းပသည့် နေ့မှစ၍ စတင်ရေတွက်ရမည်။

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်စေရမည်။

**ပုဒ်မ ၈၃ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း**

ပြည်သူ့လွှတ်တော်တစ်ခု၏ ပုံမှန်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၆၀)အလိုတွင် နောက်သက်တမ်း အသစ်အတွက် ပြည်သူ့လွှတ်တော် အထွေထွေရွေးကောက်ပွဲ ကျင်းပရမည်။

**ပုဒ်မ ၈၄ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး**

(က) အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ရက်ပေါင်း(၆၀)အတွင်း ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကို ဖက်ဒရယ်ပြည်ထောင်စု သမတက ခေါ်ယူပေးရမည်။

(ခ) ပြည်သူ့လွှတ်တော်၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။

(ဂ) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် ဥက္ကဌက ခေါ်ယူပေးရမည်။

(ဃ) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ကျင်းပရန်အတွက် အနည်းဆုံး ရက်ပေါင်း(၃၀) ကြိုတင်၍ ကြေညာရမည်။

**ပုဒ်မ ၈၅ ပြည်သူ့လွှတ်တော် အထူးအစည်းအဝေး သို့တည်းမဟုတ် အရေးပေါ်အစည်းအဝေး**

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် ပြည်သူ့လွှတ်တော် အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပရမည်။

(၁) နိုင်ငံတော်သမတက ညွှန်ကြားခြင်း။

(၂) ပြည်ထောင်စုအစိုးရ ဝန်ကြီးချုပ်က တောင်းဆိုခြင်း။

(၃) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးပုံတစ်ပုံက တောင်းဆိုခြင်း။

(ခ) ပြည်သူ့လွှတ်တော် အထူးအစည်းအဝေး သို့တည်းမဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူ ကျင်းပရန်အတွက် အနည်းဆုံး (၁၅)ရက် ကြိုတင် အကြောင်းကြားရမည်။

**ပုဒ်မ ၈၆ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ခြင်း**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၃၀)ရာခိုင်နှုန်းကျော် တက်ရောက်လျှင် ပြည်သူ့လွှတ်တော် အစည်းအဝေး ကျင်းပနိုင်သည်။ သို့ရာတွင် မဲခွဲဆုံးဖြတ်ရန်အတွက်ဖြစ်ပါက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ထက်ဝက် ကျော်တက်ရောက်မှသာ အစည်းအဝေးအထမြောက်စေရမည်။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တက်ရောက်သူများ၏ အများစုဆန္ဒမဲကို ရယူရမည်။

**ပုဒ်မ ၈၇ ပြည်သူ့လွှတ်တော်ဖျက်သိမ်းခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုသမတသည် ဖက်ဒရယ်ပြည်ထောင်စု အစိုးရဝန်ကြီးချုပ်၏ အကြံပြုချက်အရ ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းရမည်၊ သို့တည်းမဟုတ် ရုပ်သိမ်းရမည်။

ခြွင်းချက် ။ ။ သို့ရာတွင် ပြည်သူ့လွှတ်တော်၌ အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိအဆို တင်သွင်းရာတွင် ဝန်ကြီးချုပ်သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အများစု၏ ထောက်ခံမှုကို ဆက်လက်မရရှိသောအခါ၊ ဝန်ကြီးချုပ်က လွှတ်တော်ဖျက်သိမ်းရန် သို့တည်းမဟုတ် ရုပ်သိမ်းရန် အကြံပြုသော်လည်း ဖက်ဒရယ်ပြည်ထောင်စုသမတသည် ဝန်ကြီးချုပ်၏ အကြံပြုချက်ကို ငြင်းပယ်နိုင်သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ဝန်ကြီးချုပ်အသစ်တဦး၏ အမည်စာရင်းကို တင်သွင်းရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုသမတသည် ပြည်သူ့လွှတ်တော်အား ချက်ခြင်း ဆင့်ဆို ရမည်။

(ခ) ပြည်သူ့လွှတ်တော်သည် အထက်အပိုဒ်(က)အရ ဆင့်ဆိုခြင်းခံရပါက ဝန်ကြီးချုပ်အသစ်၏ အမည်စာရင်းကို (၁၅)ရက် အတွင်း တင်သွင်းရမည်။ တင်သွင်းရန်ပျက်ကွက်ပါက ဖက်ဒရယ်ပြည်ထောင်စုသမတသည် ပြည်သူ့လွှတ်တော်ကို ဖျက် သိမ်းရမည်။

(ဂ) ပြည်သူ့လွှတ်တော်အား ဖျက်သိမ်းပြီးနောက် ရက်ပေါင်း(၆၀)ထက် နောက်မကျစေဘဲ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပရမည်။

(ဃ) ပြည်သူ့လွှတ်တော်ကိုဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ်ကျင်းပ၍ အစိုးရတစ်ရပ် မဖွဲ့စည်းနိုင်မီ၊ ကြားကာလ တွင် နိုင်ငံတော်ကို စီမံအုပ်ချုပ်ရန် ဖက်ဒရယ်ပြည်ထောင်စုသမတသည် ကြားဖြတ်အစိုးရတစ်ရပ်ကို ဖွဲ့စည်း တာဝန်ပေးရမည်။

**ပုဒ်မ ၈၈ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အခွင့်အာဏာ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်အစည်းဝေးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ စည်းကမ်းလိုက်နာမှုကို ထိန်းသိမ်းကြီးကြပ်ခွင့် အာဏာရှိစေရမည်။ ပြည်သူ့လွှတ်တော်ဥပစာအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရပဲ မည်သူမျှ ဝင်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးအရေးယူခြင်း ပြုပိုင်ခွင့် မရှိစေရ။

**ပုဒ်မ ၈၉ စုံစမ်းရေးကော်မရှင်**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးပုံတစ်ပုံကတောင်းဆိုလျှင်၊ ပြည်သူ့လွှတ်တော်သည် စုံစမ်းရေးကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းရမည်။ ကော်မရှင်၏ ဖွဲ့စည်းပုံနှင့် လုပ်ပိုင်ခွင့်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေဖြင့် သတ်မှတ် ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ ၉၀ ပြည်သူ့လွှတ်တော်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ**

ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်း ရမည်။

## အခန်း(၅)
## ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုခြင်း
## Chapter -5
## Federal Legislation

**ပုဒ်မ ၉၁ ဥပဒေကြမ်းများ တင်သွင်းခြင်း**

(က) ဥပဒေကြမ်းများကို ဖက်ဒရယ်ပြည်ထောင်စု အစိုးရကသော်လည်းကောင်း လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်များကသော်လည်းကောင်း တင်သွင်းရမည်။

(ခ) ငွေဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၌သာ စတင် တင်သွင်းရမည်။

(ဂ) သဘာဝသယံဇာတနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်၌သာ စတင် တင် သွင်းရမည်။

**ပုဒ်မ ၉၂ ဥပဒေကြမ်းများ ဥပဒေဖြစ်ခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စု ရသုံးခန့်မှန်းခြေ ငွေဥပဒေကြမ်းမှအပ ပြည်သူ့လွှတ်တော်တွင် စတင် တင်သွင်းသော ဥပ ဒေကြမ်းအားလုံးသည် အဆိုပါလွှတ်တော်တွင် ထက်ဝက်ကျော် ဆန္ဒမဲရရှိပြီးနောက် အမျိုးသားလွှတ်တော်သို့ ဆက်လက် တင်သွင်းသောအခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ဆန္ဒမဲရရှိမှသာလျှင် ထိုဥပဒေကြမ်း သည် ဥပဒေဖြစ်စေရမည်။

(ခ) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းသည် အဆိုပါလွှတ်တော်တွင် ထက်ဝက်ကျော် ဆန္ဒမဲ ရရှိပြီးနောက် ပြည်သူ့လွှတ်တော်သို့ ဆက်လက်တင်သွင်းသောအခါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲရရှိမှသာလျှင် ထိုဥပဒေကြမ်းသည် ဥပဒေ ဖြစ်စေရမည်။

**ပုဒ်မ ၉၃ ဖက်ဒရယ်ပြည်ထောင်စု နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေဥပဒေကြမ်း အတည်ပြုခြင်း**

ဖက်ဒရယ်ပြည်ထောင်စု နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် တင်သွင်းရမည်။ ထိုဥပ ဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် သာမန်အများစု ဆန္ဒမဲဖြင့် အတည်ပြုပြီးပါက အမျိုးသားလွှတ်တော်သို့ တင်ပို့ရမည်။ (၂၁)ရက်အတွင်း အမျိုးသားလွှတ်တော်မှ သာမန်အများစု ဆန္ဒမဲဖြင့် အတည်ပြုလျှင် ဥပဒေ ဖြစ်စေရမည်။

**ပုဒ်မ ၉၄ သာမန်အသုံးစရိတ်သုံးစွဲခြင်း**

ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ နှစ်စဉ်ရ/သုံးခန့်မှန်းခြေ ငွေဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အတည်ပြုခြင်း မပြုနိုင်သေးလျှင် ယမန်နှစ်က အတည်ပြုခဲ့သည့် ဖက်ဒရယ် ပြည်ထောင်စု အစိုးရ၏ ရ/သုံး ခန့်မှန်းခြေ ငွေစာရင်းပါ သာမန်အသုံးစရိတ် ခွင့်ပြုချက်ဘောင်အတွင်းမှ သုံးစွဲနိုင် သည်။

### ပုဒ်မ ၉၅ ပူးတွဲညှိနှိုင်းရေးကော်မတီ

(က) လွှတ်တော်တရပ်ရပ်က အတည်ပြုပြီးသော ဥပဒေကြမ်း တခုလုံးကိုဖြစ်စေ တစိပ်တပိုင်းကိုဖြစ်စေ အခြားလွှတ်တော်မှ အတည်ပြုနိုင်ခြင်းမရှိလျှင် ပူးတွဲညှိနှိုင်းရေးကော်မတီ ဖွဲ့စည်း၍ ထိုဥပဒေကြမ်းကို ညှိနှိုင်းမှုပြုရန် လွှတ်တော်တရပ်ရပ်ကဖြစ်စေ ဖက်ဒရယ် ပြည်ထောင်စုအစိုးရကဖြစ်စေ တောင်းဆိုနိုင်သည်။

(ခ) ပူးတွဲညှိနှိုင်းရေး ကော်မတီကို လွှတ်တော်နှစ်ရပ်မှ တူညီသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပူးတွဲညှိနှိုင်းရေးကော်မတီသည် သက်ဆိုင်ရာလုပ်ငန်း ပြီးဆုံးသည်နှင့် ဖျက်သိမ်းပြီး ဖြစ်စေရမည်။

(ဃ) ပူးတွဲညှိနှိုင်းရေးကော်မတီတွင် ညှိနှိုင်းသော်လည်း သဘောတူညီမှုမရရှိပါက အဆိုပါ ဥပဒေကြမ်းသည် ဥပဒေဖြစ်ရန် အခွင့်အလမ်းမရှိသော ဥပဒေကြမ်း ဖြစ်စေရမည်။

(င) ပူးတွဲညှိနှိုင်းရေးကော်မတီတွင် သဘောတူညီမှု ရရှိသော်လည်း ပြင်ဆင်မှုရှိလျှင်သော်လည်းကောင်း ပြောင်းလဲမှုရှိလျှင်သော်လည်းကောင်း ထိုဥပဒေကြမ်း စတင်သော လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။ ယင်းလွှတ်တော်က အတည်ပြုပြီးနောက် အခြားလွှတ်တော်သို့ ပေးပို့ရာ၌ ထိုလွှတ်တော်က ဆက်လက် အတည်ပြုလျှင် ဥပဒေ ဖြစ်စေရမည်။

(စ) အထက်ပုဒ်မခွဲ(င)အရ ပေးပို့သော်လည်း ပုဒ်မ(၉၂) ပြဋ္ဌာန်းချက်ပါ လုပ်ထုံးလုပ်နည်းအတိုင်း အတည်မပြုနိုင်သော ဥပဒေကြမ်းသည် ဥပဒေဖြစ်ရန် အခွင့်အလမ်းမရှိသော ဥပဒေကြမ်း ဖြစ်စေရမည်။

### ပုဒ်မ ၉၆ ဥပဒေဖြစ်ရန်အခွင့်အလမ်းမရှိသော ဥပဒေကြမ်း

ဥပဒေဖြစ်ရန် အခွင့်အလမ်းမရှိသော ဥပဒေကြမ်းတခုကို ပယ်ချသည့်နေ့မှစ၍ နှစ်နှစ်အတွင်း မည်သည့် လွှတ်တော်တွင်မှ ထပ်မံတင်သွင်းခြင်း မရှိစေရ။

### ပုဒ်မ ၉၇ ထုတ်ပြန်ကြေညာခြင်း၊ အာဏာတည်ခြင်း

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသော ဥပဒေကြမ်းတိုင်းကို ဖက်ဒရယ်ပြည်ထောင်စု သမတက (၇)ရက် အတွင်း လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာရမည်။ (၇)ရက်ကျော်လွန်လျှင် သမတက လက်မှတ်ရေးထိုးခြင်း မရှိသော်လည်း အာဏာတည်စေရမည်။

### ပုဒ်မ ၉၈ ပြည်ထောင်စုလွှတ်တော်၏ သီးသန့် ဥပဒေပြုအာဏာအညွှန်း

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အောက်ပါ စာရင်းပါကိစ္စများအလို့ငှါ သီးသန့် ဥပဒေပြုအာဏာ ရှိစေရမည်။

၁။ နိုင်ငံခြားရေး
၂။ ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေး
၃။ ဒေသဆိုင်ရာ အသံလွှင့်နှင့် ရုပ်မြင်သံကြားလုပ်ငန်းများမှအပ စာတိုက်နှင့် ကြေးနန်း ဆက်သွယ်ရေး၊
၄။ ငွေစက္ကူ ငွေဒင်္ဂါးထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်း၊
၅။ အလေးချိန်နှင့် ခြင်တွယ်တိုင်းတာခြင်း၊
၆။ ဖက်ဒရယ်ပြည်ထောင်စု၏ နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်း၊
၇။ ဖက်ဒရယ်ပြည်ထောင်စု အဝေးပြေးကားလမ်းများ၊ ဖက်ဒရယ်ပြည်ထောင်စု ရထားလမ်း၊ ဖက်ဒရယ်ပြည်ထောင်စု ရေကြောင်းလမ်းများ ပင်လယ်ရေကြောင်းနှင့် လေကြောင်းလုပ်ငန်းများ၊
၈။ ဘွဲ့လွန်ပညာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊
၉။ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊
၁၀။ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊
၁၁။ နိုင်ငံသားဖြစ်ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊
၁၂။ ဖက်ဒရယ်ပြည်ထောင်စု ရဲတပ်ဖွဲ့

၁၃။ နိုင်ငံတော် အရေးပေါ်အခြေအနေ၊

၁၄။ လူဦးရေ သန်းခေါင်စာရင်း ကောက်ခံခြင်း၊

၁၅။ လက်နက်နှင့် ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊

၁၆။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်း၊

၁၇။ ကူးယူဖြန့်ချီခွင့်၊ နည်းပညာမူပိုင်ခွင့်၊ ဒီဇိုင်းနှင့် တံဆိပ်အမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက် များ၊

၁၈။ ဓလေ့ထုံးတမ်း ကွဲပြားခြားနားသူများအကြား လက်ထပ်ထိမ်းမြားခြင်း လင်မယားကွာရှင်းခြင်းနှင့် အမွေ ဆက်ခံခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊

၁၉။ အကောက်အခွန် သွင်းကုန်ထုတ်ကုန်အခွန် ကောက်ခံခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊

၂၀။ ပြည်ထောင်စုဆိုင်ရာ ကျန်းမာရေး ကိစ္စရပ်များ၊

၂၁။ အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပြဋ္ဌာန်းချက်များ၊

## ပုဒ်မ ၉၉ ထပ်တူ ဥပဒေပြုအာဏာအညွှန်း

ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့သည် အောက်စာရင်းပါကိစ္စများတွင် မိမိတို့ လွှတ်တော်တခုချင်းစီအလိုက် ထပ်တူ ဥပဒေပြုပိုင်ခွင့် အာဏာရှိစေရမည်။

၁။ ဖက်ဒရယ်ပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်၊ ဆိပ်ကမ်းခွန် ဆိုင်ရာကိစ္စရပ်များ၊

၂။ သဘာဝ ပတ်ဝန်းကျင်ထိမ်းသိမ်းရေး၊

၃။ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ၊

၄။ ဖွားသေစာရင်း မှတ်ပုံတင်ခြင်း၊

၅။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခုအတွင်း၌ ကျရောက်သည့် ဖက်ဒရယ် ပြည်ထောင်စု၏ စွမ်းအင်စီမံကိန်း လုပ်ငန်းများ၊ ဖွံ့ဖြိုးရေး စီမံကိန်းကြီးများ၊

၆။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုအတွင်း မြေပေါ်မြေအောက် သယံဇတ တူးဖေါ်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊

၇။ နိုင်ငံခြားအစိုးရများနှင့် ကုမဏီများမှ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံခြင်းဆိုင် ရာကိစ္စရပ်များ၊

၈။ ဒေသဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြားလုပ်ငန်းများ၊

၉။ ဘဏ်နှင့်အာမခံ လုပ်ငန်းများ၊

၁၀။ နေအိမ်၊ ဥပစာ၊ မြေယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်းဆိုင်ရာကိစ္စများ၊

၁၁။ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကြောင်း ပညာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊

၁၂။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် တနယ်မှတနယ်သို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော မြစ်များနှင့် ရေကြောင်းဆိုင်ရာ စည်းမျည်းသတ်မှတ်ချက်များ၊ ပြည်တွင်း ပင်လယ်ရေကြောင်းနှင့် ကမ်းရိုးတန်း သယ်ယူပို့ ဆောင်ရေးဆိုင်ရာ စည်းမျည်းသတ်မှတ်ချက်များ၊

၁၃။ ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်၊

၁၄။ ရာဇတ်မှု ဥပဒေနှင့် တရားမကျင့်ထုံး ဥပဒေများ၊

၁၅။ ပြည်သူ့ဝန်ထမ်း လေ့ကျင့်ရေးသင်တန်းများ၊

## ပုဒ်မ ၁၀၀ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူခြင်း

ထပ်တူ ဥပဒေပြုအာဏာအညွှန်းရှိ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဖြစ်စေ၊ ပြည်နယ်လွှတ်တော်တစ်ခုခုကဖြစ်စေ ဥပဒေပြုခဲ့သော် အငြင်းပွားဖွယ်ရာများ ဖြစ်ပွားလာပါက ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

## ပုဒ်မ ၁၀၁ ထပ်တူ ဥပဒေပြုအာဏာ အညွှန်းအရ ပြည်ထောင်စုက ဥပဒေပြုခြင်း၊

ထပ်တူ ဥပဒေပြုအာဏာအညွှန်းရှိ ပြဌာန်းချက်တရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်နယ်တစ်ခုခုက ဥပဒေပြုခဲ့သော် အခြား ပြည်နယ်တခုခု (သို့မဟုတ်) အခြားပြည်နယ်သားတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်း၊ သို့မဟုတ် ဖက်ဒရယ် ပြည်ထောင်စုတဝှမ်းလုံး၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်းဖြစ်လျှင် ဖက်ဒရယ် ပြည်ထောင်စုက ဥပဒေပြုရမည်။

## ပုဒ်မ ၁၀၂ ပူးတွဲသဘောတူညီမှုရယူခြင်း

သဘာဝသယံဇာတ တူးဖေါ်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း၊ နိုင်ငံခြားရင်းနှီးမြုပ်နှံခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်း တို့အတွက် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က ဥပဒေပြုမည်ဆိုလျှင် သက်ဆိုင်သော ပြည်နယ် လွှတ်တော်များ ကသော်လည်းကောင်း၊ ပြည်နယ်က ဥပဒေပြုမည်ဆိုလျှင် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က သော်လည်းကောင်း သဘောတူညီပြီးမှ ထိုဥပဒေ အာဏာတည်စေရမည်။

## ပုဒ်မ ၁၀၃ ပြည်နယ်များ၏ ဥပဒေပြုအာဏာ

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖယ်ဒရယ်ပြည်ထောင်စုဥပဒေပြု အာဏာအညွှန်းများတွင် အတိလင်း သတ်မှတ် ပြဌာန်း ထားခြင်းမရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်များ၌ ဥပဒေပြုပိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ ၁၀၄ ဖက်ဒရယ်ပြည်ထောင်စု ဥပဒေကလွှမ်းမိုးခြင်း

ဖက်ဒရယ်ပြည်ထောင်စုဥပဒေနှင့် ပြည်နယ်ဥပဒေတို့ ဆန့်ကျင်ကွဲလွဲမှု ဖြစ်ပေါ်လာပါက ဖက်ဒရယ် ပြည်ထောင်စု ဥပဒေက ပြည်နယ် ဥပဒေအပေါ် လွှမ်းမိုးစေရမည်။

(ပြည်နယ်တခုနှင့်တခု ဥပဒေကွဲလွဲ၍ အငြင်းပွါးလာပါကလည်း ပြည်ထောင်စုဥပဒေဖြင့် ဆုံးဖြတ်ရမည်။)

# အခန်း(၆)
# ဖက်ဒရယ်ပြည်ထောင်စု သမတ
# Chapter 6
# Federal President

## ပုဒ်မ ၁၀၅ နိုင်ငံတော်ဦးသျှောင်

ဖက်ဒရယ်ပြည်ထောင်စု သမတသည် နိုင်ငံတော်၏ ဦးသျှောင်ဖြစ်သည်။

## ပုဒ်မ ၁၀၆ အရည်အချင်း

(က) ဖက်ဒရယ်ပြည်ထောင်စု သမတ သို့မဟုတ် ဒုတိယသမတ အဖြစ်ရွေးချယ် တင်မြှောက်ခံမည့်သူသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။

၁။ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားဖြစ်ရမည်။

၂။ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်ရမည်။

၃။ ဖယ်ဒရယ်ပြည်ထောင်စုအတွင်း (၁၀)နှစ်ထက်မနည်း ဆက်တိုက်နေထိုင်ခဲ့သူ ဖြစ်ရမည်။

၄။ သမတလောင်းအဖြစ် အမည်စာရင်း တင်သွင်းသောနေ့တွင် အသက်(၃၅)နှစ်ပြည့်ပြီး ဖြစ်ရ မည်။

၅။ နိုင်ငံနှစ်ခု (သို့မဟုတ်) နိုင်ငံနှစ်ခုထက်ပိုသော နိုင်ငံသားမဖြစ်စေရ။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမတနှင့် ဒုတိယသမတသည် ဖက်ဒရယ်ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရ တစ်ရပ် ရပ်၏ အဖွဲ့ဝင်သော်လည်းကောင်း၊ လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း မဖြစ်စေရ။ လွှတ်တော် ကိုယ်စားလှယ်တဦးဦး (သို့မဟုတ်) ပြည်နယ်အစိုးရ အဖွဲ့ဝင် တဦးဦးသည် သမတအဖြစ်

ရွေးချယ်တင်မြှောက်ခံရပါက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် (သို့မဟုတ်) အစိုးရ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်စေရမည်။

**ပုဒ်မ ၁၀၇ ရွေးချယ်ပုံစနစ်**

(က) ပြည်နယ်လွှတ်တော်အသီးသီးမှ ပေးပို့သော သမတလောင်းများအနက်မှ သမတ တစ်ဦးနှင့် ဒုတိယ သမတ တစ်ဦး ကို အမျိုးသားလွှတ်တော်မှ ရွေးချယ် တင်မြှောက်ရမည်။

(ခ) ပြည်နယ်တစ်ခုမှ ဖက်ဒရယ်ပြည်ထောင်စုသမတအဖြစ် ရွေးချယ်ခံခဲ့ရပါက နောက်ထပ်သက်တမ်း သုံးကြိမ် အတွင်း အဆိုပါပြည်နယ်မှ ထပ်မံရွေးချယ်ခံခြင်း မရှိစေရ။ ဤသက်တမ်းရေတွက်မှုတွင် ဒုတိယသမတ သက်တမ်း ကာလ အကြုံး မဝင်စေရ။

(ဂ) သမတ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ ၁၀၈ သက်တမ်း**

ဖက်ဒရယ်ပြည်ထောင်စု သမတ၏ သက်တမ်းသည် တာဝန် ထမ်းဆောင်သည့် နေ့မှစ၍(၅)နှစ် ဖြစ်စေရမည်။

**ပုဒ်မ ၁၀၉ တာဝန်များ**

(က) ဖက်ဒရယ်ပြည်ထောင်စုသမတသည် ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးတပ်များ၏ စစ်သေနာ ပတိချုပ် ဖြစ်စေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမတသည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်း၍ သဘောတူညီချက်ကို ရယူပြီး ပြည် ပနိုင်ငံ တခုခုကို စစ်ကြေညာခြင်း၊ စစ်ရပ်စဲခြင်းများ ပြုလုပ်ပိုင်ခွင့်ရှိသည်။

(ဂ) အထက်အပိုဒ်(ခ)ပါ ဆောင်ရွက်ချက်နှင့်ပါတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စုသမတသည် အနီးကပ်ဆုံး ပုံမှန် ဖက် ဒရယ်ပြည်ထောင်စု လွှတ်တော်အစည်းအဝေး သို့တည်းမဟုတ် အရေးပေါ် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော် အစည်း အဝေးကို ခေါ်ယူ၍ အတည်ပြုချက် ရယူရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုသမတသည် လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်။

(င) ဖက်ဒရယ်ပြည်ထောင်စုသမတသည် ပြည်သူ့လွှတ်တော်က အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်အား ဖက်ဒရယ် ပြည်ထောင်စု ဝန်ကြီးချုပ်အဖြစ် ခန့်ထားရမည်။

(စ) ဖက်ဒရယ်ပြည်ထောင်စုသမတသည် ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်းသော ပုဂ္ဂိုလ်တို့ကို ဖက်ဒရယ်ပြည်ထာင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်ထားရမည်။

(ဆ) ဖက်ဒရယ်ပြည်ထောင်စုသမတသည် ဝန်ကြီးချုပ်၏ အကြံပေးချက်အရ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဝန်ကြီး တဦးဦး၏ ရာထူးမှနုတ်ထွက်စာကို လက်ခံရမည်။ သို့တည်းမဟုတ် ရာထူးမှ ရပ်စဲစေရမည်။

(ဇ) ဖက်ဒရယ်ပြည်ထောင်စု သမတသည် ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်၏ အကြံပေးချက်အရ ပြည်သူ့လွှတ်တော်ကို ဆင့်ခေါ်ရမည်။ သို့တည်းမဟုတ် ရုပ်သိမ်းရမည်။ သို့တည်းမဟုတ် ဖျက်သိမ်းရမည်။ ဤသို့ ဆောင်ရွက်ရာတွင် ဖွဲ့စည်း ပုံအခြေခံဥပဒေ ပုဒ်မ(၈၇)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဈ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့တည်းမဟုတ် အတည်ပြုပြီး ဖြစ်သည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းအား ဖက်ဒရယ်ပြည်ထောင်စုဥပဒေ ဖြစ်မြောက်လာရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု သမတက လက် မှတ်ရေးထိုးပြီး ထုတ်ပြန်ကြေညာပေးရမည်။

(ည) ဖက်ဒရယ်ပြည်ထောင်စု သမတသည် ဖက်ဒရယ်ပြည်ထောင်စုနှင့်စပ်လျဉ်း၍ဖြစ်စေ ပြည်သူလူထုနှင့် သက်ဆိုင်သည့် အရေးကြီးသော ကိစ္စများနှင့်စပ်လျဉ်း၍ဖြစ်စေ အမှာလွှာဖြင့်သော်လည်းကောင်း မိန့်ခွန်းဖြင့် သော်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်သို့ အကြောင်းကြားနိုင်သည်။

(ဋ) ဖက်ဒရယ်ပြည်ထောင်စုသမတသည် အခါအားလျော်စွာ ဖက်ဒရယ်ပြည်ထောင်စု တဝှမ်းလုံးသို့ မိန့်ခွန်းမြွက်ကြား နိုင်သည်။

(ဌ) ဖက်ဒရယ်ပြည်ထောင်စုသမတသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတည့်အလင်း ပြဋ္ဌာန်းချက်များမှလွဲ၍ အခြား ကိစ္စများတွင် မိမိအား ပေးအပ်ထားသောတာဝန်များနှင့် အလုပ်ဝတ္တရားများကို ဖက်ဒရယ်ပြည်ထောင်စု အစိုးရနှင့် ညှိ နှိုင်း၍ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်စေရ။
(ဍ) ဖက်ဒရယ်ပြည်ထောင်စုသမတသည် အရေးအပေါ်အခြေအနေ ကြေငြာခြင်းနှင့် ရုပ်သိမ်းခြင်းတို့ကို ထုတ်ပြန်ကြေငြာ ပေးရမည်။

## ပုဒ်မ ၁၁၀ ဖက်ဒရယ်ပြည်ထောင်စုသမတကို အရေးယူခြင်း

အောက်ဖော်ပြပါ အကြောင်းအရာတစ်ခုခုအတွက် ဖက်ဒရယ်ပြည်ထောင်စုသမတကို စွပ်စွဲမှု ပြုလုပ်နိုင်သည်။
(က) ဖက်ဒရယ်ပြည်ထောင်စုသမတသည်

၁။ ဖက်ဒရယ်ပြည်ထောင်စု၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊

၂။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

၃။ အကျင့်သိက္ခာလွန်ကဲစွာပျက်ပြားခြင်း၊

(ခ) အထက်အပိုဒ်(က)အရ သမတအပေါ် စွပ်စွဲချက်အား လွှတ်တော်တရပ်ရပ်တွင် တင်သွင်းနိုင်သည်။ လွှတ်တော်တရပ် ရပ်၏ ကိုယ်စားလှယ် အနည်းဆုံး ထက်ဝက်ကျော်မှ အတည်ပြု ထောက်ခံချက်အရသာလျှင် စွပ်စွဲချက်ကို ဆက်လက် စုံ စမ်းစစ်ဆေးနိုင်သည်။
(ဂ) ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ လွှတ်တော်တစ်ရပ်၏ အတည်ပြုပြီးသော ထိုစွပ်စွဲချက်ကို အခြားလွှတ် တော်တစ်ရပ်က စုံစမ်းစစ်ဆေးရမည်။
(ဃ) သက်ဆိုင်ရာ လွှတ်တော်တစ်ရပ်က စုံစမ်းစစ်ဆေးပြီးနောက် ဖက်ဒရယ်ပြည်ထောင်စုသမတအား ရာထူးတွင် ဆက်လက်၍ မထမ်းရွက်စေသင့်သော ပြစ်မှုဖြစ်သည်ဟူ၍ အဆိုပါလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံနှစ်ပုံက အတည်ပြုခဲ့သော် ထိုအဆိုကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက် တင်သွင်းရမည်။
(င) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အထက်အပိုဒ်(ဃ)အရ တင်သွင်းလာသည့်အဆိုအား ဖက်ဒရယ်ပြည် ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပါက ဖက်ဒရယ်ပြည်ထောင်စု သမတအား တာဝန်မှ ရပ်စဲစေရမည်။
(စ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသောအခါတွင် ဖက်ဒရယ်ပြည်ထောင်စု သမတသည် မိမိကိုယ်တိုင် သော်လည်းကောင်း ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ခုခံချေပခွင့် ရှိရမည်။
(ဆ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဒုတိယသမတနှင့်လည်း သက်ဆိုင်စေရမည်။

## ပုဒ်မ ၁၁၁ အစားထိုးရွေးချယ်တင်မြှောက်ခြင်း

ဖက်ဒရယ်ပြည်ထောင်စုသမတ ကွယ်လွန်လျှင်ဖြစ်စေ၊ ၎င်း၏တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင်ဖြစ်စေ၊ ပုဒ်မ(၁၁၀)အရ ရာထူးမှ ဖယ်ရှားခံရလျှင်ဖြစ်စေ လစ်လပ်သွားသော နေရာအတွက် အောက်ပါတိုင်း အစားထိုး ရွေး ချယ် တင်မြှောက်ရမည်။
(က) ဖက်ဒရယ်ပြည်ထောင်စုသမတ၏ မူလတက်တမ်း ကုန်ဆုံးသည်အထိ ဒုတိယသမတသည် ဖက်ဒရယ် ပြည်ထောင်စု သမတတာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။
(ခ ) လစ်လပ်သွားသော ဒုတိယ သမတနေရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဒုတိယသမတအဖြစ် တာဝန် ယူရ မည်။
(ဂ) ဖက်ဒရယ်ပြည်ထောင်စုသမတ၏ ပုံမှန်သက်တမ်းကာလအတွင်း သမတ နေရာလစ်လပ်မှု ထပ်မံဖြစ်ပွားပါက ရွေး ကောက်ပွဲအသစ်ကို ပုဒ်မ(၁၀၇) ပြဋ္ဌာန်းချက်များအတိုင်း ပြုလုပ်ရမည်။

## ပုဒ်မ ၁၁၂ ကင်းလွတ်ခွင့်

သမတနှင့် ဒုတိယသမတ တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စုသမတနှင့် ဒုတိယသမတ၏ တာဝန်အရ ပြုလုပ်မှုတစ်ခုခု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုအပေါ် ရာဇဝတ်ကြောင်းအရဖြစ်စေ၊

တရားမကြောင်းအရ ဖြစ်စေ မည်သူ တဦးတယောက်ကမျှ ဖက်ဒရယ်ပြည်ထောင်စု သမတနှင့် ဒုတိယသမတအပေါ် တရားစွဲဆိုခြင်း မပြုရ။

**ပုဒ်မ ၁၁၃ တားမြစ်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စုသမတနှင့် ဒုတိယသမတတို့သည် လစာပေးသော အခြားလုပ်ငန်း တခုခုတွင်သော်လည်း ကောင်း အမြတ်အစွန်းကို အခြေခံသည့် လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေး အဖွဲ့တွင်သော်လည်းကောင်း ပါဝင်လုပ်ကိုင်ခြင်း မပြုရ။

## အခန်း(၇)
## ဖက်ဒရယ်ပြည်ထောင်စုအစိုးရ
## Chapter 7
## Federal Government

**ပုဒ်မ ၁၁၄ ဖွဲ့စည်းခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်ဦးဆောင်သော ဝန်ကြီးအဖွဲ့ဖြင့် ဖက်ဒရယ်ပြည်ထောင်စု အစိုးကို ဖွဲ့စည်းရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဝန်ကြီးအဖွဲ့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပြည်သူလွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများဖြင့် ဖက်ဒရယ်ပြည်ထောင်စု အစိုးရအဖွဲ့ဝင်တွင် ပါဝင်ဖွဲ့စည်းရန် လိုအပ်သည်ဟု ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးကြီးချုပ်က ယူဆလျှင် ဝန်ကြီးအဖွဲ့ ဦးရေ၏ ၁၀ ရာခိုင် နှုန်းထက် မပိုစေဘဲ နှစ်နှစ်တာကာလ သက်တမ်းအတွက် တာဝန်ပေးခန့်အပ်နိုင်သည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စု အစိုးရသည် ပြည်သူ့လွှတ်တော်အား အဖွဲ့လိုက် စုပေါင်းတာဝန်ခံရမည်။

**ပုဒ်မ ၁၁၅ သက်တမ်း**

ဖက်ဒရယ်ပြည်ထောင်စုအစိုးရ သတ်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။

**ပုဒ်မ ၁၁၆ ဝန်ကြီးချုပ်**

(က) ပြည်သူ့လွှတ်တော်မှ ရွေးကောက်တင်မြှောက်၍ အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်အား ဖက်ဒရယ် ပြည်ထောင်စုသမတက ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်၊

(ခ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော် ထောက်ခံမဲရရှိသူ ဖြစ်ရမည်။

(ဂ) (၁၄)ရက်အတွင်း မည်သူမှ ထက်ဝက်ကျော်မဲဖြင့် ရွေးချယ်ခြင်းမခံရလျှင် သာမန်မဲအရေအတွက် များဆုံးရရှိသူ ဖြစ်ရ မည်၊

(ဃ) ဝန်ကြီးချုပ်က အဆိုပြုတင်ပြသော ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများကို ပြည်ထောင်စုသမတက ခန့်အပ်ရမည်။ သို့မဟုတ် ရာထူးမှ ဖယ်ရှားရမည်၊

(င) ဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုသမတက တောင်းဆိုလျှင် ၎င်းတို့အား ဆက်ခံမည့်သူ ရွေးချယ်ပြီးသည်အထိ ဆက်လက် တာဝန်ထမ်းဆောင်ရမည်။

**ပုဒ်မ ၁၁၇ ဒုတိယဝန်ကြီးချုပ်**

ပြည်ထောင်စုဝန်ကြီးချုပ်က ၎င်းတာဝန်များကို ထမ်းဆောင်ရန် မစွမ်းဆောင်နိုင်လျှင်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်ကိုယ်စား ဒုတိယ ဝန်ကြီးချုပ်သည် တာဝန်ယူ ဆောင်ရွက်ခွင့်ရှိသည်။

**ပုဒ်မ ၁၁၈ အစားထိုးရွေးချယ်ခန့်အပ်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်ရာထူး လစ်လပ်ခဲ့လျှင် ဤအခြေခံ ဥပဒေပုဒ်မ (၁၁၆)နှင့်အညီ ပြန်လည် အစားထိုး ရွေးချယ်ခန့်အပ်ခြင်း ပြုရမည်။

**ပုဒ်မ ၁၁၉ အယုံအကြည်မရှိအဆို**

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဖွဲ့စည်းတာဝန်ယူပြီးနောက် (၁၈)လအတွင်း အစိုးရတဖွဲ့လုံး သို့တည်းမဟုတ် အစိုးရ အဖွဲ့ဝင် တဦးချင်းအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းပိုင်ခွင့် မရှိစေရ၊

(ခ ) အယုံမကြည်မရှိအဆိုကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အတည်ပြုလျှင် အစိုးရတဖွဲ့လုံး သို့တည်းမဟုတ် အဆိုတင်သွင်းခြင်းခံရသူ အစိုးရအဖွဲ့ဝင်သည် တာဝန်မှ နုတ်ထွက်ပေးရမည်။

(ဂ) အစိုးရတဖွဲ့လုံး နုတ်ထွက်ရပါက ဤဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ(၈၇)အရ ရွေးချယ်ခံရသူအား ဖက်ဒရယ်ပြည် ထောင်စု သမတက ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်။

**ပုဒ်မ ၁၂၀ နုတ်ထွက်ခြင်း**

(က) ဝန်ကြီးချုပ်သည် မည်သည့်အခါ၌မဆို ရာထူးမှနုတ်ထွက်လျှင် ဝန်းကြီးများသည်လည်း မိမိတို့ ရာထူးများမှ နုတ် ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ခ) ဖက်ဒရယ်ပြည်ထောင်စု သမတထံသို့ တင်သွင်းစေရန် မိမိ၏ နုတ်ထွက်လွှာကို ဝန်ကြီးချုပ်လက်သို့ ပေးအပ်ခြင်းဖြင့် မည်သည့်အစိုးရအဖွဲ့ဝင် ဝန်ကြီးမဆို ရာထူးမှ နုတ်ထွက်နိုင်သည်။

**ပုဒ်မ ၁၂၁ အစိုးရအဖွဲ့၏ တာဝန်**

(က) ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုအစိုးကို တာဝန်ခံ ဆောင်ရွက်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ဖက်ဒရယ်ပြည်ထောင်စု၏ နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေစာရင်းကိုပြုစု၍ ပြည်သူ့ လွှတ်တော်သို့ တင်ပြရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုအား ပြည်ပနိုင်ငံတခုခုမှ ထိပါးတိုက်ခိုက်လာလျှင် သို့တည်းမဟုတ် ထိပါးတိုက်ခိုက်ခံရရန် အခြေအနေရှိလျှင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ဖက်ဒရယ်ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရန် သမတ၏ ခွင့်ပြုချက်ဖြင့် အရေးယူဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့ ဆောင်ရွက်ချက်ကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ကျင်းပနေဆဲကာလမဟုတ်လျှင်၊ အနီးကပ်ဆုံး ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရမည်။

(ဃ) နိုင်ငံတကာ ငြိမ်းချမ်းမှု ထိမ်းသိမ်းရေးလုပ်ငန်းစဉ်တွင် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်မှ ပါဝင်တာဝန်ယူမည့် ကိစ္စရပ်များ၊ ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်၏ စစ်ရေးစွမ်းရည်များ မြင့်မားလာစေရေးအတွက် နိုင်ငံတကာ တပ်ဖွဲ့ များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရေးကိစ္စရပ်များအတွက် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် သမတနှင့် ညှိနှိုင်းပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ သို့မဟုတ် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် စာချုပ်များအရ ဆောင်ရွက် ပိုင်ခွင့်ရှိသည်။

**ပုဒ်မ ၁၂၂ ဝန်ကြီးဌာနများ**

(၁) နိုင်ငံခြားရေးဝန်ကြီးဌာန
(၂) ကာကွယ်ရေးဝန်ကြီးဌာန
(၃) ဘဏ္ဍာရေးဝန်ကြီးဌာန
(၄) ပြည်ထဲရေးဝန်ကြီးဌာန
(၅) ကျန်းမာရေးဝန်ကြီးဌာန

(၆) စိုက်ပျိုးရေးဝန်ကြီးဌာန
(၇) ကုန်သွယ်ရေးဝန်ကြီးဌာန
(၈) သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန
(၉) အလုပ်သမားဝန်ကြီးဌာန
(၁၀) စွမ်းအင်ဝန်ကြီးဌာန
(၁၁) ပညာရေးဝန်ကြီးဌာန
(၁၂) တရားရေးဝန်ကြီးဌာန
(၁၃) ဆက်သွယ်ရေးဝန်ကြီးဌာန
(၁၄) သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဝန်ကြီးဌာန
(၁၅) ကျားမတန်းတူညီမျှရေး ဝန်ကြီးဌာန
(၁၆) သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန
(၁၇) လူမှုဝန်ထမ်းဝန်ကြီးဌာန
(၁၈) အခြားဝန်ကြီးဌာနများ

ပုဒ်မ ၁၂၃ ဖက်ဒရယ်ပြည်ထောင်စုရှေ့နေချုပ်

(က) ဖက်ဒရယ်ပြည်ထောင်စု အစိုးရအဖွဲ့ကို ဥပဒေအကြံပေးရန်နှင့် ဖက်ဒရယ်ပြည်ထောင်စု အစိုးရကို ကိုယ် စားပြု၍ ဥပဒေကိစ္စများကိုဆောင်ရွက်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်တစ်ဦးကို ဝန်ကြီးချုပ်က အမည်တင်သွင်းပြီး၊ ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖက်ဒရယ်ပြည်ထောင်စု သမတ က ခန့်အပ်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် တက် ရောက်ပိုင်ခွင့်ရှိပြီး မေးမြန်းမှုများကို အစိုးရကိုယ်စား ရှင်းလင်းဖြေရှင်းခွင့် ရှိသည်။

# အခန်း (၈)
# ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေး
# Chapter - 8
# Federal Judiciary

ပုဒ်မ ၁၂၄ တရားစီရင်ပိုင်ခွင့်အာဏာ

တရားစီရင်မှုအာဏာသည် တရားရုံးများတွင်တည်ရှိရမည်။ တရားစီရင်ရေးအာဏာကို ဖက်ဒရယ် ပြည်ထောင်စု လွှတ်တော်၏ဥပဒေနှင့်အညီ အဆင့်ဆင့် တည်ထောင်ထားသော တရားရုံးများတွင် ကျင့်သုံးပိုင် ခွင့်ရှိပြီး လွတ်လပ်သော တရားစီရင်ရေးစနစ် ဖြစ်ရမည်။

ပုဒ်မ ၁၂၅ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

(က) ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ပတ်သက်သော အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရား သူကြီး (၉)ဦး အပါအဝင် အမျိုးသားလွှတ်တော်မှ ရွေးချယ်သော ကိုယ်စားလှယ်နှစ်ဦးနှင့် ပြည်သူ့လွှတ်တော်မှ ရွေးချယ်သော ကိုယ်စားလှယ်နှစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည်။

(ဂ) ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် ပါဝင်မည့် အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ်များ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရမည်။

## ပုဒ်မ ၁၂၆ ဖက်ဒရယ် ပြည်ထောင်စုတရားရုံးများဖွဲ့စည်းခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေးအာဏာကို ကျင့်သုံးရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ၎င်း၏လက်အောက်ခံ ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများ ဖွဲ့စည်းထားရှိရမည်။
(ခ) ဖက်ဒရယ်ပြည်ထောင်စု တရားရုံးများဖွဲ့စည်းခြင်းနှင့် လုပ်ထုံးလုပ်နည်းများအတွက် ဖက်ဒရယ် ပြည်ထောင် စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရမည်။

## ပုဒ်မ ၁၂၇ ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဖွဲ့စည်းပုံ

(က) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို တရားသူကြီး (၉) ဦးဖြင့် ဖွဲ့စည်းရမည်။
(ခ) ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်းသူများကို ဖက်ဒရယ်ပြည်ထောင်စု လွှတ် တော်၏ အတည်ပြုချက်ဖြင့် သမတက တရားသူကြီးများအဖြစ် ခန့်အပ်ရမည်။
(ဂ) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် မည်သည့်လွှတ်တော်၏ ကိုယ်စားလှယ်ကိုမျှ အမည်စာရင်းတင်သွင်းခြင်း မပြုရ။
(ဃ) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအနက်မှ တစ်ဦးကို တရားသူကြီးချုပ် အဖြစ် မိမိတို့ အချင်းချင်းထဲမှရွေးချယ်ပြီး၊ သမတက ခန့်အပ်ရမည်။

## ပုဒ်မ ၁၂၈ ရုံးထိုင်ရာနေရာ

ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ဖက်ဒရယ်ပြည်ထောင်စု၏ မြို့တော်တွင် ရုံးထိုင်ရမည်။ တရားလွှတ်တော်ချုပ်သည် ပြည်နယ်များရှိ ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများတွင် ရုံးထိုင် ခွင့်ရှိစေရမည့်အပြင် လိုအပ် ပါက အခြားနေရာများတွင်လည်း ရုံးထိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ ၁၂၉ တရားလွှတ်တော်ချုပ် တရားသူကြီးများ၏အရည်အချင်း

ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားဖြစ်ရ မည့်အပြင် ဥပဒေရေးရာ လုပ်ငန်းများတွင် အနည်းဆုံး (၁၀)နှစ် အတွေ့အကြုံရှိပြီးသူ ဖြစ်ရမည်။

## ပုဒ်မ ၁၃၀ ဖက်ဒရယ်ပြည်ထောင်စု တရားသူကြီးများခန့်အပ်ခြင်း

တရားသူကြီးများ ခန့်အပ်ရာတွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်ခွဲခြားခြင်း မရှိစေရ။

## ပုဒ်မ ၁၃၁ လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်

တရားသူကြီးများသည် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိပြီး တရားဥပဒေကိုသာ တာဝန်ခံရမည်။

## ပုဒ်မ ၁၃၂ အခြားတာဝန်ထမ်းဆောင်ခွင့်မရှိခြင်း

တရားသူကြီးများသည် ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် တရားစီရင်ရေးတာဝန်မှတပါး–

(က) လစာပေးသော အခြားလုပ်ငန်းဌာနများ၌ တာဝန်ယူခြင်းသော်လည်းကောင်း၊

(ခ) အမြတ်အစွန်းကို အခြေခံသည့် လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေး အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊

(ဂ) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ် သို့မဟုတ် အစိုးရအဖွဲ့ တစ်ခုခု၏ အဖွဲ့ဝင်သော်လည်း ကောင်း မဖြစ်စေရ။

## ပုဒ်မ ၁၃၃ လစာ

တရားသူကြီးများသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးသော လစာကို ရယူခံစား ပိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ ၁၃၄ သက်တမ်း

တရားသူကြီးများသည် –

(က) တရားသူကြီးကိုယ်တိုင်က လျှောက်ထားလျှင်ဖြစ်စေ၊

(ခ) မိမိ၏ တာဝန်ကိုထမ်းဆောင်ရန် မစွမ်းဆောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလျှင်ဖြစ်စေ၊

(ဂ) အကျင့်သိက္ခာ လွှန်စွာပျက်ပြားလျှင်ဖြစ်စေ၊

(ဃ) အသက် (၇၅)နှစ်ပြည့်မြောက်လျှင်ဖြစ်စေ သက်တမ်းကုန်ဆုံးစေရမည်။

## ပုဒ်မ ၁၃၅ စုံစမ်းစစ်ဆေးခြင်း

ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပုဒ်မ (၁၃၄)(ခ)နှင့်(ဂ)ပါ ပြဋ္ဌာန်းချက်များ အပေါ်အခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်က တင်ပြလာသောအခါ အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်မှ တူညီသော ကိုယ်စားလှယ်အရေအတွက်ပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းရမည်။ ယင်းကော်မတီ ၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်သည် စုံစမ်း စစ်ဆေးရေးကော်မတီ၏ တင်ပြချက်အပေါ်တွင် မဲပေး၍ ဆုံးဖြတ်ခြင်းပြုရမည်။

## ပုဒ်မ ၁၃၆ ကင်းလွတ်ခွင့်

တရားသူကြီးများသည် တင်ကူးကြံရွယ်ချက်ဖြင့် ဥပဒေချိုးဖေါက်ခြင်းမှလွဲ၍ ၎င်းတို့၏ တရားစီရင်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး အရေးယူ တရားစွဲဆိုခြင်း မခံထိုက်စေရ။

## ပုဒ်မ ၁၃၇ ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အာဏာ

(က) ဖက်ဒရယ်ပြည်ထောင်စု တရားရုံးများသည် ပုဒ်မ (၁၂၅) ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အောက်ပါကိစ္စရပ်များတွင် စီရင်ပိုင်ခွင့်အာဏာ ရှိစေရမည်။

(၁) ပြည်နယ်အချင်းချင်းကြားတွင် ဖြစ် ပွားသော အငြင်းပွားမှုများ၊

(၂) ပြည်နယ်တစ်ခု၏ ပြည်နယ်သားများနှင့် အခြားပြည်နယ်တစ်ခု၏ ပြည်နယ်သားများအကြား တွင် ဖြစ်ပွားသော အငြင်းပွားမှုများနှင့် မှုခင်းများ၊

(၃) ပြည်နယ်တရားရုံးချုပ်တခုမှ အခြားပြည်နယ် တရားရုံးချုပ်တခုသို့ လွှဲပြောင်းစစ်ဆေးရန် အမှုများ၊

(၄) ပြည်နယ်တရားရုံးတစ်ခုနှင့် အခြားပြည်နယ် တရားရုံးတစ်ခုအကြား စီရင်ပိုင်ခွင့်နှင့် ပတ်သက် သည့် အငြင်းပွားမှုများ၊

(၅) နိုင်ငံခြားကုမဏီများနှင့် ပြည်တွင်းကုမဏီများ သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ဖက်ဒရယ် ပြည်ထောင်စုတို့အကြား ချုပ်ဆိုသော စာချုပ်စာတမ်းများကို အကြောင်းပြု၍ ပေါ်ပေါက်သော အငြင်းပွားမှုများ၊

(၆) လူမွဲဖြစ်ခြင်းနှင့် ဒေဝါလီခံခြင်းဆိုင်ရာ မှုခင်းများ၊

(ခ) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်ရှိသည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ သီးသန့်စီရင်ပိုင်ခွင့် အာဏာနှင့်ပတ်သက်၍ ဖက်ဒရယ် ပြည်ထောင်စု လွှတ်တော်မှ ဥပဒေဖြင့် ပြဋ္ဌာန်းပေးရမည်။

## အခန်း (၉)

## နိုင်ငံသားဖြစ်ခြင်း

## Chapter - 9

## CITIZENSHIP

### ပုဒ်မ ၁၃၈ နိုင်ငံသား အခွင့်အရေး

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတစ်ဦးသည် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၌ နိုင်ငံ သားတစ်ဦး ရသင့်ရထိုက်သော အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များကို တူညီစွာ ခံစားရရှိစေရမည်။

### ပုဒ်မ ၁၃၉ ပြည်နယ်သားအခွင့်အရေး

နိုင်ငံသားတစ်ဦးသည် မိမိနေရင်းဒေသပြည်နယ်မှ အခြားပြည်နယ်တစ်ခုအတွင်းသို့ ပြောင်းရွှေ့နေထိုင် သော ကိစ္စတွင် ပြောင်းရွှေ့နေထိုင်ရာ ပြည်နယ်၏ ဥပဒေနှင့်အညီသာလျှင် အဆိုပါ ပြည်နယ်၏ ပြည်နယ်သားဖြစ်ခွင့် နှင့် မဲပေး ပိုင်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်ကို ရရှိစေရမည်။

### ပုဒ်မ ၁၄၀ နိုင်ငံသား အလိုအလျောက်ဖြစ်ခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုခု၏ ပြည်နယ်သားတစ်ဦးသည် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံသားဖြစ်သည်။

(ခ) နိုင်ငံသား မိဘနှစ်ဦးမှ မွေးဖွားလာသော ကလေးသည်လည်းကောင်း၊ နိုင်ငံသား မိခင်တစ်ဦးမှ မွေးဖွားလာ သော ကလေးသည်လည်းကောင်း အလိုအလျောက် နိုင်ငံသားဖြစ်သည်။

(ဂ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုသည့်အချိန်တွင် နိုင်ငံသားဖြစ်ပြီးသူများသည် အလိုအလျောက် နိုင်ငံ သားဖြစ်သည်။

### ပုဒ်မ ၁၄၁ ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်

ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီအချိန်တွင် မြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲခံရသူများသည် နိုင်ငံသားဖြစ် ခွင့် လျှောက်ထားလာလျှင် နိုင်ငံသားအဖြစ် ပြန်လည်ရရှိစေရမည်။

### ပုဒ်မ ၁၄၂ နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခွင့်

(က) ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့မတိုင်မီကပင် မြန်မာနိုင်ငံအတွင်း၌ မွေးဖွား၍ အစဉ်တစိုက် နေထိုင် လာခဲ့သော နိုင်ငံခြားသားများသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ဥပဒေ ပြဋ္ဌာန်း ချက်များနှင့်အညီ နိုင်ငံသားဖြစ်ခွင့် ရှိစေရမည်။

(ခ) နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်း ပေးရမည်။

### ပုဒ်မ ၁၄၃ တပြိုင်နက် နိုင်ငံသားဖြစ်ခွင့်

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတစ်ဦးသည် အခြားနိုင်ငံတစ်ခု၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။ ထိုသို့ ခံယူခြင်းကြောင့် မူလဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားဖြစ်မှု အလိုအလျောက် ဆုံးရှုံးခြင်း မရှိစေရ။ တပြိုင်နက်တည်း နိုင်ငံသား ဖြစ်ခွင့်ရှိသည်။

### ပုဒ်မ ၁၄၄ နိုင်ငံသားအဖြစ် မဲပေးပိုင်ခွင့်

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတစ်ဦးသည် မိမိနေရင်းပြည်နယ်မှ အခြား ပြည်နယ်တခုသို့လည်း ကောင်း၊ အခြားနိုင်ငံတခုသို့လည်းကောင်း ပြောင်းရွှေ့နေထိုင်သော်လည်း ဖက်ဒရယ်ပြည်ထောင်စု တစ်ခုလုံး နှင့် သက်ဆိုင်သော မဲပေးပွဲ၊ ရွေးချယ်တင်မြှောက်ပွဲများတွင် မဲပေးပိုင်ခွင့် ရှိစေရမည်။

### ပုဒ်မ ၁၄၅ ပြည်နယ်သားအဖြစ် မဲပေးအရွေးချယ်ခံပိုင်ခွင့်

နိုင်ငံသားတစ်ဦးသည် သက်ဆိုင်ရာ ပြည်နယ်တစ်ခုတွင်သာ မဲပေးခွင့်၊ အရွေးချယ်ခံပိုင်ခွင့်ကို ကျင့်သုံး ပိုင်ခွင့် ရှိသည်။ ယင်းအခွင့်အရေးကို ပြည်နယ်တစ်ခုထက်ပို၍ ကျင့်သုံးပိုင်ခွင့် မရှိစေရ။

### ပုဒ်မ ၁၄၆ ပြည်နယ်သားဖြစ်ခြင်း

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ဥပဒေပြုလွှတ်တော်များသည် ပြည်နယ်သားဖြစ်ခြင်း ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပိုင်ခွင့် ရှိစေရမည်။

### ပုဒ်မ ၁၄၇ အဝေးရောက်နိုင်ငံသားများ

ဖက်ဒရယ်ပြည်ထောင်စု၏ ပြင်ပအခြားနိုင်ငံများသို့ ရောက်ရှိနေထိုင်လျက်ရှိသော နိုင်ငံသားများ၏ အခွင့်အရေး နှင့် တာဝန်ဝတ္တရားဆိုင်ရာ ကိစ္စရပ်များအတွက် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်မှ ဥပဒေ ပြဋ္ဌာန်း ရမည်။

# အခန်း(၁၀)
# ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များ
# Chapter - 10
# Federal Defense and Security Services

## ပုဒ်မ ၁၄၈ ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များဆိုင်ရာ အခြေခံမူများ

(က) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များသည် ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ပြည်သူ လူထုကို ကာကွယ်စောင့်ရှောက်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များသည် ငြိမ်းချမ်းရေးကို ထိမ်းသိမ်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေကို လေးစား လိုက်နာရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် မည်သည့်နိုင်ငံရေးပါတီ၏ ပါတီဝင်မျှ မဖြစ်စေရ။ မည်သည့် နိုင်ငံရေးပါတီ သို့တည်းမဟုတ် လူပုဂ္ဂိုလ်တို့၏ ဩဇာခံ မဖြစ်စေရ။

(င) ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာတပ်ဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှုတွင် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များအားလုံး၏ အချိုးကျ ကိုယ်စားပြုမှုရှိရမည်။

(စ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင် တပ်ဖွဲ့များအတွင်း လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်နှင့် လိင်စိတ်ကွဲပြားမှုတို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း မရှိစေရ။

## ပုဒ်မ ၁၄၉ ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များ

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စု၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သော ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များနှင့် အမျိုးသား လုံခြုံရေးဆိုင်ရာ အဖွဲ့များကို ဥပဒေ ပြဋ္ဌာန်း၍ တာဝန်ပေးအပ်နိုင်သည်။

## ပုဒ်မ ၁၅၀ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ ကာကွယ်ရေးဆိုင်ရာအခြေခံမူများ

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်ရေးဆိုင်ရာ အခြေခံမူများ ကို ချမှတ်ရမည်။

## ပုဒ်မ ၁၅၁ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်

(က) ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်တစ်ရပ်ကို ဖွဲ့စည်း ထူထောင်ပြီး ဖက်ဒရယ်ပြည်ထောင်စုသမတသည် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်၏ စစ်သေနာပတိချုပ် ဖြစ်သည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ထားသော ကာကွယ်ရေးဆိုင်ရာ အခြေခံမူများကို တာဝန်ခံဆောင်ရွက်ရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ နေ့စဉ်လုပ်ငန်းဆိုင်ရာ ကိစ္စများသည် ကာကွယ်ရေးဝန်ကြီးဌာန ၏ ကွပ်ကဲမှုအောက်တွင် ရှိစေရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးအဖြစ် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်တွင် လက်ရှိ တာဝန်ထမ်းဆောင်နေသူ မည်သူ့ကိုမျှ ခန့်အပ်ခြင်းမရှိစေရ။ ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေး ဝန်ကြီးသည် အရပ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်ဖြစ်စေရမည်။

## ပုဒ်မ ၁၅၂ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ကို ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ဖြင့် လိုအပ်ချက်နှင့်အညီ ဖွဲ့စည်း ထားရှိရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ ဖွဲ့စည်းမှုဆိုင်ရာဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသတ်မှတ်ရမည်။

## ပုဒ်မ ၁၅၃ အရပ်ဘက် အုပ်ချုပ်ရေး

ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်သည် မည်သည့်အချိန်အခါမဆို အရပ်ဘက်အုပ်ချုပ်ရေးအောက်တွင် ရှိစေရမည်။

## ပုဒ်မ ၁၅၄ အရေးပေါ်အခြေအနေတွင် ကြီးကြပ်ကွပ်ကဲခြင်း

ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေအောက်တွင် ဖက်ဒရယ်ပြည်ထောင်စုသမတသည်–

(က) စစ်သေနာပတိချုပ်၏ အခွင့်အာဏာကိုအသုံးပြုပြီး ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ မည်သည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တပ်ဖွဲ့ကိုမဆို ဖက်ဒရယ် ပြည်ထောင်စုလုံခြုံရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဆင့်ခေါ်ခွင့်၊ စုစည်းခွင့်၊ တာဝန် ပေးအပ်ခွင့်၊ ရုပ်သိမ်းခွင့် ရှိစေရမည်။

## ပုဒ်မ ၁၅၅ စစ်တက္ကသိုလ်များ

ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်၏ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အတွက် သီးခြားသော စစ်တက္ကသိုလ်များ ဖွဲ့စည်းတည်ထောင်ရမည်။ ယင်းတက္ကသိုလ်များတွင် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များမှ အချိုးကျ တက် ရောက်သင်ကြားခွင့် ရှိစေရမည်။

## ပုဒ်မ ၁၅၆ ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း

စစ်ပညာသင်တန်းအဆင့်ဆင့်တွင် စစ်ဘက်ဆိုင်ရာ ဘာသာရပ်များအပြင် –

(က) ဒီမိုကရေစီအခြေခံကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတရားများ၊

(ခ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေအပါအဝင် အရပ်ဘက် အုပ်ချုပ်ရေးဆိုင်ရာ အခြေ ခံသဘောတရားများကိုပါ ထည့်သွင်းသင်ကြား ပို့ချရမည်။

## ပုဒ်မ ၁၅၇ စစ်မှုထမ်းခြင်းဆိုင်ရာဥပဒေ

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်း ဥပဒေအရ စစ်မှုထမ်းရမည်။ နိုင်ငံသားတိုင်း စစ်မှုထမ်းရေးကို ဖက်ဒ ရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းပေးရမည်။ အသေးစိတ် အချက်အလက်များကို ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်အက်ဥပဒေတွင် ပြဋ္ဌာန်းထားရမည်။

### ပုဒ်မ ၁၅၈ ဖက်ဒရယ်ပြည်ထောင်စု ရဲတပ်ဖွဲ့

(က) ဖက်ဒရယ်ပြည်ထောင်စုနှင့်သက်ဆိုင်သော အမျိုးသားလုံခြုံရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု ရဲတပ်ဖွဲ့ ကို ဖွဲ့စည်းထူထောင်ရမည်။
(ခ) ဖက်ဒရယ်ပြည်ထောင်စု ရဲတပ်ဖွဲ့ကို အရပ်ဘက်ဆိုင်ရာ အုပ်ချုပ်ရေးလက်အောက်တွင် ထားရှိရမည်။
(ဂ) ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် မှ ဥပဒေ ပြဋ္ဌာန်းပေးရမည်။

### ပုဒ်မ ၁၅၉ ဖက်ဒရယ်ပြည်ထောင်စု ထောက်လှမ်းရေးတပ်ဖွဲ့

(က) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု ထောက်လှမ်းရေးတပ်ဖွဲ့ကို ဖွဲ့စည်းရမည်။
(ခ) ဖက်ဒရယ်ပြည်ထောင်စု ထောက်လှမ်းရေးတပ်ဖွဲ့ကို အရပ်ဘက်ဆိုင်ရာ အုပ်ချုပ်ရေးလက်အောက်တွင် ထားရှိရမည်။
(ဂ) ဖက်ဒရယ်ပြည်ထောင်စု ထောက်လှမ်းရေးတပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်မှ ဥပဒေပြဋ္ဌာန်းပေးရမည်။

### ပုဒ်မ ၁၆၀ အမျိုးသားလုံခြုံရေးကောင်စီ

အမျိုးသားလုံခြုံရေးကောင်စီကို ဖွဲ့စည်းနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဋ္ဌာန်းရမည်။

## အခန်း (၁၁)

## အရေးပေါ်အခြေအနေ

## Chapter - 11
## State of Emergency

### ပုဒ်မ ၁၆၁ အရေးပေါ်အခြေအနေ

အောက်ပါ အခြေအနေတရပ်ရပ်တွင် ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေကို ကြေညာပိုင်ခွင့် ရှိသည်။

(က) ဖက်ဒရယ်ပြည်ထောင်စုနယ်မြေကို ပြည်ပ လက်နက်ကိုင်တပ်များက တိုက်ခိုက်ခြင်း (သို့တည်း မဟုတ်) တိုက်ခိုက်မည်ဟု ခိုင်လုံသော အကြောင်းရှိခြင်း။
(ခ) ငြိမ်းချမ်းရေးနှင့် တရားဥပဒေ စိုးမိုးမှုပျက်ပြားပြီး အများပြည်သူ၏ လုံခြုံမှုနှင့် အေးချမ်းသာယာမှုကို သိသာ ထင်ရှားစွာ ခြိမ်းခြောက်၊ ထိပါး၊ ပျက်ပြားသည့်အခြေအနေ ပေါ်ပေါက်ခြင်း။

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ သေဆုံးမှုများ ဖြစ်ပေါ်ခြင်း (သို့တည်းမဟုတ်) ဖြစ်ပေါ်လာရန် ခိုင်လုံသော အကြောင်းရှိခြင်း။

## ပုဒ်မ ၁၆၂ အရေးပေါ်အခြေအနေကြေညာခြင်း

(က) ဖက်ဒရယ် ပြည်ထောင်စုအစိုးရမှ အရေးပေါ်အခြေအနေ ကြေညာပေးရန် တောင်းဆိုလာလျှင် ဖက်ဒရယ် ပြည်ထောင်စုသမတသည် ဖက်ဒရယ်ပြည်ထောင်စု တစ်ဝှမ်းလုံးအတွက်ဖြစ်စေ၊ ဒေသတစ်ခု အတွက်ဖြစ်စေ၊ အရေးပေါ်အခြေအနေ ကြေညာရမည်။

(ခ) အရေးပေါ်အခြေအနေ ကြေငြာခြင်းသည် ပုဒ်မ(၁၆၁) ပုဒ်မခွဲ(က)နှင့်(ခ)ပါ ကိစ္စရပ်များအတွက် ဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်သည် အနီးကပ်ဆုံး ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သို့တည်း မဟုတ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးကို ခေါ်ယူ၍ တင်ပြအတည်ပြုချက် ရယူရမည်။ ပြည်သူ့ လွှတ်တော်က အရေးပေါ်အခြေအနေ ကြေညာခြင်းကို အတည်မပြုပါက အရေးပေါ်အခြေအနေ ကြေညာခြင်း သည် ပျက်ပြယ်စေရမည်။

(ဂ) ပြည်သူ့လွှတ်တော် ဖျက်သိမ်းထားသောကာလအတွင်း အရေးပေါ်အခြေအနေ ကြေညာခြင်းဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စုသမတသည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို (၂)လ အတွင်း ရယူရမည်။

## ပုဒ်မ ၁၆၃ တည်ရှိသည့်သက်တမ်းကာလ

(က) အရေးပေါ်အခြေအနေ ကြေညာသည့်နေ့မှစ၍ (၃)လထက်မပိုစေပဲ မည်သည့်သက်တမ်း ကာလအတွက် ဖြစ်ကြောင်း အရေးပေါ်အခြေအနေ ကြေညာချက်တွင် အတိအကျ သတ်မှတ်ဖော်ပြရမည်။

(ခ) ပြည်သူ့လွှတ်တော်၏ သဘောတူညီချက်ဖြင့် အရေးပေါ်အခြေအနေ သက်တမ်းကာလကို နောက်ထပ် သက်တမ်း(၃)လ တိုးမြှင့်နိုင်သည်။ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေ ကြေညာမှု သက်တမ်း တိုးမြှင့်မှုကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ ရယူရမည်။

(ဂ) (၆)လထက် မကျော်လွန်သော သက်တမ်းတိုးမြှင့်မှုတိုင်းအတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အတည်ပြုချက်ကို ရယူရမည်။

## ပုဒ်မ ၁၆၄ လုပ်ပိုင်ခွင့်နှင့်တာဝန်

(က) ပုဒ်မ(၁၆၁) ပုဒ်မခွဲ(က)ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ် အခြေအနေအောက်တွင် ဖက်ဒရယ် ပြည်ထောင်စု သမတသည်–

(၁) စစ်သေနာပတိချုပ်၏ အခွင့်အာဏာကိုအသုံးပြုပြီး ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို ကြီးကြပ် ကွပ်ကဲ ရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ မည်သည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တပ်ဖွဲ့ကိုမဆို ဖက်ဒရယ် ပြည်ထောင်စု လုံခြုံရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဆင့်ခေါ်ခွင့်၊ စုစည်းခွင့်၊ တာဝန်ပေးအပ်ခွင့်၊ ရုပ်သိမ်းခွင့် ရှိစေရမည်။

(ခ) ပုဒ်မ(၁၆၁) ပုဒ်မခွဲ(ခ)နှင့်(ဂ)ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေအောက်တွင် ဖက်ဒရယ် ပြည်ထောင်စု အစိုးရသည်–

(၁) ပြည်နယ် လုံခြုံရေးတပ်များကို စုစည်းအသုံးချခြင်း၊ ပြည်နယ်အစိုးရများသို့ ညွှန်ကြားချက်များ ထုတ်ပြန် ခြင်းတို့ကို ပြုပိုင်ခွင့် ရှိစေရမည်။

(၂) ပြည်နယ်လုံခြုံရေး တပ်ဖွဲ့များနှင့် လုံလောက်ခြင်း မရှိမှသာလျှင် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို အကန့်အသတ်ဖြင့် အသုံးပြုစေရမည်။

(၃) အရေးပေါ်အခြေအနေကာလအတွင်း ဖက်ဒရယ် ပြည်ထောင်စုအစိုးရ၏ ဆောင်ရွက်ချက် မှန်သမျှကို အနီး ကပ်ဆုံး ပြည်သူ့လွှတ်တော်နှင့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အစီရင်ခံရမည်။

## ပုဒ်မ ၁၆၅ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စီစစ်ခြင်း

ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာဏာအပ်နှင်းထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးသည် –

(က) အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခြင်း

(ခ) အရေးပေါ်အခြေအနေ၏ သက်တမ်းကာလတိုးမြှင့်ခြင်း

(ဂ) အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခြင်းကြောင့် ပြဋ္ဌာန်းထားသောဥပဒေ သို့တည်းမဟုတ် အခြား လုပ်ဆောင်မှုတစ်ရပ်သည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိမရှိကို စီစစ်ဆုံးဖြတ်နိုင်သည်။

## ပုဒ်မ ၁၆၆ အရေးပေါ်အခြေအနေကာလအတွင်း တရားစီရင်ရေး

မည်သို့သော အရေးပေါ် အခြေအနေအောက်တွင်မဆို တရားစီရင်ရေးအာဏာသည် တရားရုံးများတွင်သာ တည်ရှိရမည်။ တည်ဆဲဥပဒေနှင့်အညီ ခန့်အပ်ထားသော တရားသူကြီးများကသာ တရားစီ ရင်ရမည်။

## ပုဒ်မ ၁၆၇ ရုပ်သိမ်းပိုင်ခွင့်မရှိသော အခြေခံအခွင့်အရေးများ

ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခြင်း၏အကျိုးဆက်ကြောင့် ပြဋ္ဌာန်းသော ဥပဒေ သို့တည်းမဟုတ် မည်သည့်လုပ်ဆောင်မှုကမျှ နိုင်ငံသားတစ်ဦး၏ လူ့ဂုဏ်သိက္ခာနှင့် အသက်ရှင်ရပ်တည်ပိုင်ခွင့် တို့ကို မထိခိုက်စေရ။ အဓမ္မ ကျွန်ပြုစေခိုင်းခြင်း မရှိစေရ။ လူမဆန်သော ရက်စက်စွာ ပြုမူဆက်ဆံခြင်း မရှိစေရ။

## ပုဒ်မ ၁၆၈ အရေးပေါ်ကာလအတွင်း ဥပဒေပြဋ္ဌာန်းချက်

အရေးပေါ်အခြေအနေကြေညာခြင်း၏ နောက်ဆက်တွဲကြောင့် လူပုဂ္ဂိုလ်နှင့်ပတ်သက်၍ဖြစ်စေ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ဖြစ်စေ ပုဒ်မ (၁၆၇)ပါ ရုပ်သိမ်းပိုင်ခွင့်မရှိသော အခြေခံအခွင့်အရေးများမှလွဲ၍ မည်သည့် အခွင့်အရေးနှင့် ကန့်သတ်ချက်များအတွက်မဆို လိုအပ်သောဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ ၁၆၉ အရေးပေါ်အခြေအနေပြီးဆုံးခြင်း

(က) သတ်မှတ်ထားသည့် အရေးပေါ်အခြေအနေကာလ သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ၊ သမတမှ ရုပ်သိမ်းလျှင် ဖြစ်စေ အရေးပေါ်ကာလ သက်တမ်းသည် ပြီးဆုံးစေရမည်။

(ခ) ယင်းသို့ ပြီးဆုံးကြောင်းကို တရားဝင် နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ကြေငြာရမည်။

# အခန်း (၁၂)

# အထွေထွေပြဋ္ဌာန်းချက်များ

# Chapter - 12
# General Provision

**ပုဒ်မ ၁၇၀ ဖက်ဒရယ် ပြည်ထောင်စုအလံတော်**

ဖက်ဒရယ်ပြည်ထောင်စု၏ အလံတော်မှာ ------------

**ပုဒ်မ ၁၇၁ ဖက်ဒရယ် ပြည်ထောင်စုတံဆိပ်**

ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုတံဆိပ်မှာ -------------

**ပုဒ်မ ၁၇၂ ဖက်ဒရယ် ပြည်ထောင်စုရုံးတံဆိပ်**

ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးတံဆိပ်မှာ -------------------

**ပုဒ်မ ၁၇၃ ဖက်ဒရယ် ပြည်ထောင်စုသီချင်း**

ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုသီချင်းမှာ -------------------

**ပုဒ်မ ၁၇၄ ဖက်ဒရယ် ပြည်ထောင်စုမြို့တော်**

ဖက်ဒရယ်ပြည်ထောင်စု၏ မြို့တော်မှာ မဟာရန်ကုန်ဖြစ်သည်။

**ပုဒ်မ ၁၇၅ ရုံးသုံးဘာသာ**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးသုံးဘာသာအဖြစ် ဗမာဘာသာနှင့် အင်္ဂလိပ်ဘာသာကို သတ်မှတ်သည်။

(ခ) ပြည်နယ်အသီးသီးတွင် ယင်းပြည်နယ်၏ အမျိုးသား ဘာသာစကားကို ရုံးသုံးဘာသာအဖြစ် သတ်မှတ်နိုင်သည်။

**ပုဒ်မ ၁၇၆ ကျမ်းသစ္စာကျိန်ဆိုခြင်း**

ဖက်ဒရယ်ပြည်ထောင်စု၏

(က) သမတ

(ခ) ဝန်ကြီးချုပ်

(ဂ) အစိုးရအဖွဲ့ဝင်ဝန်ကြီးများ –

တို့သည် မိမိတို့အား ရွေးချယ် ခန့်အပ်တာဝန်ပေးခြင်း အတည်ပြုပြီးသည်နှင့်တပြိုင်နက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျမ်းကျိန်လွှာအတိုင်း သက်ဆိုင်ရာဌာနများတွင် မဆိုင်းမတွ ကျမ်းသစ္စာကျိန်ဆိုရမည်။

**ပုဒ်မ ၁၇၇ ကော်မရှင်**

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အောက်ပါ ကော်မရှင်များကို ဖွဲ့စည်းနိုင်ရန် ဥပဒေများ ပြဋ္ဌာန်းရ မည်။

(၁) လူ့အခွင့်ရေးကော်မရှင်
(၂) ကျား‌မ တန်းတူညီမျှရေးကော်မရှင်
(၃) အဂတိလိုက်စားမှု စုံစမ်းတိုက်ဖျက်ရေးကော်မရှင်
(၄) ပြည်ထောင်စုဝန်ထမ်းရေးရာ ကော်မရှင်
(၅) ရွေးကောက်ပွဲကော်မရှင်
(၆) သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးကော်မရှင်
(၇) ကလေးအခွင့်အရေးကာကွယ်ရေးကော်မရှင်
(၈) လူနည်းစုအခွင့်အရေး ကာကွယ်ရေးကော်မရှင်

(ခ) အထက်ပါကော်မရှင်များ၏ ထမ်းဆောင်ရမည့်တာဝန်များကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က ဥပဒေ ပြဋ္ဌာန်းရမည်။

## ပုဒ်မ ၁၇၈ လူ့အခွင့်ရေးကော်မရှင်

(က) အမျိုးသားလွှတ်တော်က ရွေးချယ် အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်(၇)ဦးကို ဖက်ဒရယ် ပြည်ထောင်စု လွှတ်တော်က လက်ခံအတည်ပြုပြီးပါက ဖက်ဒရယ်ပြည်ထောင်စု သမတသည် လူ့အခွင့် ရေးကော်မရှင် အဖွဲ့ဝင် များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

(ခ) ထိုကော်မရှင်သည် မိမိ၏ သဘောဆန္ဒအလျောက်သော်လည်းကောင်း၊ တိုင်တန်းချက် လက်ခံရရှိသော အခါတွင်သော်လည်းကောင်း လူ့အခွင့်ရေး ချိုးဖေါက်မှုများကို လွတ်လပ်စွာ စုံစမ်းစစ်ဆေးနိုင်ခွင့် ရှိစေရ မည်။

(ဂ) လူ့အခွင့်ရေးကော်မရှင်သည် မိမိဆောင်ရွက်ချက်များကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

## ပုဒ်မ ၁၇၉ ရွေးကောက်ပွဲကော်မရှင်

အမျိုးသားလွှတ်တော်က ရွေးချယ် အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်(၇)ဦးကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က လက်ခံအတည်ပြုပြီးပါက ဖက်ဒရယ်ပြည်ထောင်စု သမတသည် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

## ပုဒ်မ ၁၈၀ နိုင်ငံတကာနှင့် စာချုပ်ချုပ်ဆိုခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရက သဘောတူလက်မှတ်ရေးထိုးသော နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်တိုင်းကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၌ တင်ပြရမည်။

(ခ) သဘောတူညီချက်အတိုင်း အထမြောက်အောင်မြင်စွာ ဆောင်ရွက်ရေးအတွက် ဥပဒေပြုလုပ်ရန်လိုသော၊ သို့တည်းမဟုတ်၊ ဥပဒေပြုလုပ်ရန် အကြောင်းရှိသော နိုင်ငံတကာ သဘောတူညီချက်ကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က သဘောမတူခဲ့သော် အဆိုပါသဘောတူညီချက်ကို လက်ခံအတည်မပြုရ။

ရှင်းလင်းချက်။ ။ ဤပုဒ်မသည် နည်းပညာဆိုင်ရာကိစ္စရပ်များနှင့် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ အစိုးရအချင်းချင်း သဘောတူညီချက်များနှင့်မသက်ဆိုင်စေရ။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခြင်းမပြုလျှင် မည်သည့်နိုင်ငံတကာဆိုင်ရာ သဘော တူညီချက်ကိုမျှ ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေတစိတ်တဒေသမဖြစ်စေရ။

## ပုဒ်မ ၁၈၁ သန်ခေါင်စာရင်းကောက်ယူခြင်း

(က) ပြည်သူ့လွှတ်တော်သည် သန်ခေါင်စာရင်း ကောက်ယူရေးကော်မရှင်ကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

(ခ) အနည်းဆုံး ဆယ်နှစ်တကြိမ် သန်ခေါင်စာရင်း ကောက်ယူရမည်။

## ပုဒ်မ ၁၈၂ တရားဝင်ငွေကြေးနှင့် ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်

(က) နိုင်ငံရေးတာဝန်ကို ထမ်းဆောင်နေသော ပုဂ္ဂိုလ်များသည် ၎င်းတို့ပိုင်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းဥစ္စာများ ကို ဖေါ်ပြရန် တာဝန်ရှိစေရမည်။

(ခ) အထက်ပါ အပုဒ်(က)နှင့် ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်နှင့် ပြည်နယ် ဥပဒေပြုလွှတ်တော်များမှ ဥပဒေ ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ ၁၈၃ စာရင်းစစ်ချုပ်

ဖက်ဒရယ်ပြည်ထောင်စု သမတသည် နိုင်ငံတော်ဝန်ကြီးချုပ်မှ အဆိုပြု တင်သွင်းလာသူကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် စာရင်စစ်ချုပ်အဖြစ် ခန့်အပ်ရမည်။ စာရင်းစစ်ချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ငွေစာရင်းများကို လွတ်လပ်စွာ စစ်ဆေးပိုင်ခွင့် ရှိစေရမည်။ စာရင်းစစ်ဆေး တွေ့ရှိချက်များကို ဖက်ဒ ရယ်ပြည် ထောင်စုအစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

## ပုဒ်မ ၁၈၄ ဖက်ဒရယ်ပြည်ထောင်စုဘဏ်

(က) ဖက်ဒရယ်ပြည်ထောင်စု ငွေကြေးရေးရာကို ထိန်းချုပ်ကွပ်ကဲနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းသော ဥပဒေနှင့်အညီ လွတ်လပ်သော ဖက်ဒရယ်ပြည်ထောင်စု ဘဏ်တစ်ခု ထူထောင်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဘဏ်သည် ဖက်ဒရယ်ပြည်ထောင်စု၏ ငွေကြေးတန်းဖိုးများ တည်ငြိမ်မှု ရှိစေရေးအ တွက် တာဝန်ယူ ဆောင်ရွက်ရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုဘဏ်သည် တမျိုးစားတည်းသော ငွေစက္ကူနှင့် ငွေဒင်္ဂါးများ ထုတ်လုပ်ရမည်။

## ပုဒ်မ ၁၈၅ လူထုဆန္ဒဖေါ်ထုတ်ခြင်း

မည်သူမဆို မိမိ၏ ထင်မြင်ယူဆချက်ကိုသော်လည်းကောင်း၊ အကြံပြုချက်ကိုသော်လည်းကောင်း တစ်ဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ စာဖြင့်ရေးသား၍ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ အာဏာပိုင် (သို့တည်းမဟုတ်) လွှတ်တော် တရပ်ရပ်သို့ တင်သွင်းခွင့်ရှိသည်။

## ပုဒ်မ ၁၈၆ ဌာနေမြေယာသတ်မှတ်ခြင်း (native title)

(က) ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်အသီးသီးတွင် နေထိုင်ကြသော ဌာနေတိုင်းရင်းသား လူနည်းစုများ၏ မိရိုးဖလာ နေထိုင်ပိုင်ဆိုင်ခဲ့ကြသည့် နယ်မြေကိုဖြစ်စေ၊ နယ်မြေ၏ တစိပ်တပိုင်းကိုဖြစ်စေ အဆိုပါ တိုင်းရင်းသား လူနည်းစု၏ ဌာနေမြေယာအဖြစ် သတ်မှတ်နိုင်သည်။

(ခ) ဌာနေမြေယာ သတ်မှတ်ခြင်းကို သက်ဆိုင်ရာပြည်နယ် လွှတ်တော်၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ရမည်။

## ပုဒ်မ ၁၈၇ တရားခံလွှဲပြောင်းပေးအပ်ခြင်း

ပြည်နယ်တစ်ခုအတွင်း ပြစ်မှုကျူးလွန်ပြီးနောက် အခြားပြည်နယ်တစ်ခုသို့ ထွက်ပြေးရောက်ရှိသွားသော တရား ခံတစ်ဦးအား ဖမ်းဆီးရမိထားသော ပြည်နယ်အစိုးရထံမှ သက်ဆိုင်ရာ ပြည်နယ်အစိုးရက တရားခံအား မိမိပြည်နယ်သို့ လွှဲပြောင်းပေးအပ်ရန် တောင်းဆိုလာပါက လွှဲပြောင်းပေးအပ်ရမည်။

သို့ရာတွင် ထိုသို့ လွှဲပြောင်းပေးအပ်စေရန်ကိစ္စကို ဖမ်းဆီးရမိထားသော ပြည်နယ်အစိုးရအား အတင်းအကြပ် ပြုမှုခြင်း မရှိစေရ။

ပုဒ်မ ၁၈၈ ကျန်ရှိသည့်အာဏာများ

ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်း ထည့်သွင်းပြဋ္ဌာန်းထားသော အာဏာများမှအပ ကျန်ရှိသည့် အာဏာများသည် ပြည်နယ်များနှင့် ပြည်သူလူထုထံ၌ တည်ရှိသည်။

## အခန်း ၁၃
## အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ
## Chapter - 13
## Transitional Provisions

ပုဒ်မ ၁၈၉ တည်ဆဲဥပဒေများ

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများသည် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သေးသမျှ အတည်ဖြစ်သည်။

(ခ) တည်ဆဲစည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဖက်ဒရယ် ပြည်ထောင်စုအစိုးရက ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သေးသမျှ အတည်ဖြစ်သည်။

ပုဒ်မ ၁၉၀ တည်ဆဲတရားရုံးများ

အဆင့်ဆင့်သော တရားရုံးများသည် ဤအခြေခံဥပဒေအရ တရားရေးစနစ်တရပ် ဖွဲ့စည်းပေါ်ပေါက်သည် အထိ တရားစီရင်ပိုင်ခွင့် အာဏာများကို ဆက်လက်ကျင့်သုံးခွင့် ရှိစေရမည်။

ပုဒ်မ ၁၉၁ ဝန်ထမ်းများ

ဤအခြေခံဥပဒေ အတည်မပြုမီက တာဝန်ထမ်းဆောင်လျက်ရှိကြသော အစိုးရအမှုထမ်းအားလုံးသည် မူလ ရာထူးတာဝန်များအတိုင်း ဆက်လက် အမှုထမ်းစေရမည်။

ပုဒ်မ ၁၉၂ နိုင်ငံတကာနှင့်ချုပ်ဆိုထားသော စာချုပ်၊ စာတမ်းများ

(က) ဤအခြေခံဥပဒေ အတည်မပြုမီက မြန်မာနိုင်ငံအစိုးရ ပါဝင်ချုပ်ဆိုခဲ့သော စာချုပ်များနှင့်စပ်လျဉ်း၍ ပြည် ထောင်စုအစိုးရမှ ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ လွှဲပြောင်းကာ ဆက်လက်ဆောင်ရွက် စေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က အတည်ပြုသော စာချုပ်စာတမ်းများသာလျှင် အတည်ဖြစ်စေရ မည်။

ပုဒ်မ ၁၉၃ သန်းခေါင်စာရင်း ကောက်ယူခြင်း

အသွင်ကူးပြောင်းရေး ကာလအတွင်း သန်ခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို အမြန်ဆုံး ဆောင်ရွက် နိုင်ရေး အတွက် အမျိုးသားလွှတ်တော် မပေါ်ပေါက်မီ ကာလအတွင်း ယာယီသန်းခေါင်စာရင်း ကောက်ယူရေး ကော်မရှင်တရပ် ဖွဲ့စည်းပြီး ဆောင်ရွက်စေရမည်။

ပုဒ်မ ၁၉၄ ပြည်နယ်များဖွဲ့စည်းခြင်း

ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၃) ပုဒ်မ(၄၆)နှင့်အညီ အမျိုးသားပြည်နယ်များ၊ အမျိုးသားများ ပြည်နယ်များဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းနိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု တိုင်းရင်းသားလူမျိုး အသီးသီးတို့၏ လွတ်လပ်သော ဆန္ဒသဘောထားများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရမည်။

**ပုဒ်မ ၁၉၅ အသွင်ကူးပြောင်းရေးကာလ နစ်နာချက်များ**

(က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်မပြုမီ ကာလအတောအတွင်း အာဏာပိုင် တရပ်ရပ်၏ ပြုမူဆောင် ရွက်ချက် တစုံတရာကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု ခံစားရသော နိုင်ငံသားများ၏ နစ်နာချက်များကို စုံစမ်းစစ်ဆေး ဖေါ်ထုတ်နိုင်ရန်အတွက် အမှန်တရား ဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင်တရပ်ကို ဖွဲ့စည်းကာ ဆောင်ရွက်ရမည်။

(ခ) အမှန်တရား ဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင်၏ ဖွဲ့စည်းမှု၊ သက်တမ်းကာလ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဌာန်းပေးရမည်။

(ဂ) ကော်မရှင်ကို တူညီသော အမျိုးသား၊ အမျိုးသမီး ကိုယ်စားလှယ်ဦးရေဖြင့် ဖွဲ့စည်းရမည်။

## အခန်း(၁၄)
## ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်း
## Chapter - 14
## Amendment of Constitution

**ပုဒ်မ ၁၉၆ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြင်ဆင်ပိုင်ခွင့်။**

(က) အတိအကျ ပြဌာန်းသတ်မှတ်သော ဥပဒေဖြင့်ဖြစ်စေ၊ ပြဌာန်းချက်ကို ဖြည့်စွက်ခြင်းဖြင့်ဖြစ်စေ၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က ပြင်ဆင်နိုင်ခွင့် ရှိစေရမည်။

(ခ) အတိအကျ ပြဌာန်းသတ်မှတ်သော ဥပဒေဖြင့်ဖြစ်စေ၊ ပြဌာန်းချက်ကို ဖြည့်စွက်ခြင်းဖြင့်ဖြစ်စေ၊ အပိုဒ်ခွဲ(ဂ)တွင် အတိအကျ သတ်မှတ်ပြဌာန်းထားသော ကိစ္စရပ်များအတွက် ဤဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖက်ဒရယ်ပြည်ထောင်စု တခုလုံး အတိုင်းအတာဖြင့် လူထုဆန္ဒ ခံယူပြီးမှသာလျှင် ပြင်ဆင်နိုင်ခွင့် ရှိစေရမည်။

(ဂ) အောက်ဖေါ်ပြပါကိစ္စရပ်များအား ပြင်ဆင်ရန်ဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စု တစ်ခုလုံး အတိုင်းအတာဖြင့် လူထုဆန္ဒခံယူပွဲ ပြုလုပ်ပြီးမှသာလျှင် ပြင်ဆင်ခွင့်ရှိစေရမည်။

၁။ ပုဒ်မ(၁)တွင် ပြဌာန်းထားသည့် ဖက်ဒရယ် ပြည်ထောင်စု၏ အမည်နှင့်သက်ဆိုင်သည့်ကိစ္စ။
၂။ ပုဒ်မ(၂)တွင် ပြဌာန်းထားသည့် ပြည်နယ်များ၏ နိုင်ငံရေးအာဏာနှင့် သက်ဆိုင်သည့်ကိစ္စ။
၃။ ပုဒ်မ(၅)တွင် ပြဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာကိစ္စ။
၄။ ပုဒ်မ(၈)တွင်ပြဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု၏ နယ်နိမိတ်နှင့်သက်ဆိုင်သည့်ကိစ္စ။
၅။ ပုဒ်မ(၉)တွင် ပြဌာန်းထားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲခြင်းကိစ္စ။
၆။ ပုဒ်မ(၃၉)တွင် ပြဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကိစ္စ။
၇။ ပုဒ်မ(၅၀)တွင် ပြဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းမှုကိစ္စ။
၈။ ပုဒ်မ(၁၀၈)(က)တွင်ပြဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု အစိုးရဖွဲ့စည်းမှုကိစ္စ။

**ပုဒ်မ ၁၉၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှု အတည်ဖြစ်ခြင်း။**

ဤဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်း ဖြင့် အတည်ဖြစ်စေရမည်။

(၁) လွှတ်တော်တရပ်ရပ်တွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး သုံးပုံတစ်ပုံ ထောက်ခံမှုဖြင့် အမျိုးသားလွှတ် တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ပြည်နယ်များသည်

အမျိုးသားလွှတ်တော်က တဆင့်သော်လည်းကောင်း၊ ပြည်သူလူထုသည် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တဆင့်သော်လည်းကောင်း ပြင်ဆင်ချက်ဥပဒေ မူကြမ်းကို စတင် အဆိုပြု တင်သွင်းနိုင်သည်။

(၂) ပြင်ဆင်ချက် ဥပဒေမူကြမ်းကို ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၊ ဖက်ဒရယ်ပြည်ထောင်စု အစိုး ရနှင့် အခြားလွှတ်တော်တစ်ရပ်သို့ အကြောင်းကြား အသိပေးရမည်။

(၃) ဖက်ဒရယ်ပြည်ထာင်စုအစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ပြင်ဆင်ရန် အဆိုပြုချက်ကို လက်ခံရရှိပြီးနောက် ၄င်းတို့၏ သဘောထားများကို (၄၅)ရက်အတွင်း ဖက်ဒရယ် ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၄) ပုဒ်မ (၁၉၆) အပိုဒ်ခွဲ(က)ပါကိစ္စရပ်များအတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော် တရပ်စီတွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး သုံးပုံနှစ်ပုံ ထောက်ခံမှုရရှိလျှင် ပြည်နယ်လွှတ်တော်များသို့ ဆက်လက် ပေးပို့ပြီး ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်အားလုံး၏ သုံးပုံနှစ်ပုံ ထောက်ခံမှုကို ရရှိပါက ဥပဒေကြမ်း သည် အတည်ဖြစ်စေရမည်။

(၅) ပုဒ်မ (၁၉၆) အပိုဒ်ခွဲ(ဂ)ပါ ကိစ္စရပ်များအတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော် တရပ်စီ တွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး သုံးပုံနှစ်ပုံ၏ ထောက်ခံမှု ရရှိပါက လူထုဆန္ဒ ခံယူပွဲကို ကျင်းပရမည်။ ပြည်သူလူထု၏ ထောက်ခံဆန္ဒမဲ ထက်ဝက်ကျော် ရရှိပါက ဥပဒေကြမ်းသည် အတည် ဖြစ်စေရမည်။

(၆) အထက်ပါ အပိုဒ်ခွဲ (၄)နှင့်(၅)အရ အတည်ပြုပြီးသော ဥပဒေကြမ်းကို ပုဒ်မ(၁၀၉) အပုဒ်ခွဲ (ဈ)ပါ အတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

——————————————————

**မှာကြားချက် –**

အားလုံးနဲ့သက်ဆိုင်တဲ့ကိစ္စကို အားလုံးကစဉ်းစားဘို့၊ ဆွေးနွေးဘို့၊ လုပ်ဆောင်ဘို့လိုတဲ့အတွက် ပို့ပေးရခြင်း ဖြစ်ပါတယ်။ ဒီအထဲမှာလဲ ထပ်မံဆွေးနွေးဘို့လိုအပ်တာတွေရှိပါတယ်။ ဥပမာ – နိဒါန်းမှာလွှတ်လပ်၍ အချုပ်အချာ အာဏာပိုင်သော ပြည်နယ်များ ငြိမ်းချမ်းစွာပူးပေါင်းသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ ဗဟိုဆုံချက်ဥပဒေ အဖြစ် နိုင်ငံသားတိုင်း လိုက်နာကျင့်သုံးရန် အခိုင်အမာပြဋ္ဌာန်းကြောင်း၊ အမည်နဲ့ပါတ်သက်လို့ပြောရရင် ပုဒ်မ (၁)မှာ ဖက်ဒရယ်အမည် တပ်ဆင်ရန်မလိုပါ၊ အသုံးပြုသောစနစ် ဖက်ဒရယ်ဖြစ်ရန်သာ အရေးကြီးကြောင်း၊ ပုဒ်မ (၂)၊ (၅)၊ (၆)များကိုကြည့်၊ ပြည်ထောင်စုစာချုပ်အရ ဖွဲ့စည်းဘို့၊ အာဏာခွဲဝေဘို့လိုတာတွေ့မယ်၊ ပြည်ထောင်စုဟာ အဖွဲ့ဝင်ပြည်နယ်များအပ်နှင်းတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော အာဏာကြီး (၃)ရပ်ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခွဲဝေကျင့်သုံးစေရမှာဖြစ်တယ်။ ၂၀(ခ)မှာ လက်ထပ်ထိမ်းမြားခြင်းဟာ လွှတ်လပ်တဲ့ ဆန္ဒသဘောထားအရ ရွေးချယ်မှုသာဖြစ်ပြီး လူမျိုးရေးဓလေ့ထုံးစံသတ်မှတ်ချက်ကို ထိခိုက်ပြောင်းလဲခြင်း မဖြစ်စေရဘို့လိုပါတယ်။ အထူးသဖြင့်ကတော့ ပြည်နယ်ရှစ်ခုအဖြစ် စုစည်းဘို့ လျာထားသင့်တယ်၊ အားလုံးကလဲ သဘောတူသင့်တယ်၊ ၄၆ – ၅၂ ကြည့်။ ပြည်ထောင်စုမှာ ပြည်နယ်တွေစု၊ ပြည်နယ်မှာ ဒေသတွေစု၊ ဒေသမှာ ဒေသန္တရတွေစု။ လူနည်းစုဆိုတာက သူ့ရဲ့ပမာဏအရ ဒေသမဟုတ်ရင် ဒေသန္တရဖြစ်သွားမှာဘဲ၊ အမျိုးသားနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ရဒေသ၊ အထူးဒေသ အမျိုးမျိုးမှည့်ခေါ် ခွဲခြားဘို့မလိုပါဘူး၊ ပြည်ထောင်စု မြို့တော်ကလွဲပြီး ပြည်ထောင်စုအထူးဒေသမရှိသင့်၊ ပြည်နယ်နဲ့လွှတ်ကင်းနယ်မြေ မရှိသင့်ဘူး။ ပြည်နယ်၊ ဒေသ၊ ဒေသန္တရ အသစ်များအတွက် အသေအချာပြဋ္ဌာန်ပြီးနောက်မှာဘဲ ယင်းနျင့်အညီဖွဲ့စည်းနိုင်ကြောင်း ပြဋ္ဌာန်းသင့်တယ်။ အထမြောက် ခြင်းများဆိုင်ရာ ဥပမာ–၆၀ကိုကြည့်၊ ပြည်နယ်တခုတိုင်းမှာ ရာနှုန်းဘယ်လောက်၊ အားလုံးပေါင်းမှာ ရာနှုန်း ဘယ်လောက်ဆို အထမြောက်တယ် ဖြစ်သင့်တယ် –စသဖြင့် –စသဖြင့် ဝေဖန်သုံးသပ်ကြစေချင်တယ်။

ဆလိုင်းကီးလဲအောမ်း

(၁၆၁၀၀၆)